# ကြေးမုံ
**The Mirror**

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ စနေနေ့၊ (10-2-2007) (၅၂၂၉)


## ရင်းရင်းနှီးနှီး နှုတ်ဆက်

၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



## ပြည်ထောင်စုစိတ်ဓာတ် တောင့်တင်းခိုင်မာမှ ပြည်ထောင်စုကြီး၏နယ်နိမိတ် အစဉ်ထာဝရတည်မြဲနေမည်

ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများကို ပိုမို တောင့်တင်းခိုင်ခံ့အောင်၊ ပိုမိုခိုင်မြဲအောင် တည်ဆောက် ပေးကြရမှာ ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ် တောင့်တင်းခိုင်မာမှသာ မိမိတို့ပြည်ထောင်စုကြီး၏ နယ်နိမိတ်သည် အမြဲတမ်းတည်တံ့ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည်လည်း အစဉ်ထာဝရ တည်မြဲနေမှာဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်
ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသား၊ သင်တန်းသူများ ဂါရဝပြုပွဲတွင်
မြွက်ကြားသည့် သြဝါဒစကားမှ–



### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဥမကွဲသိုက်မပျက် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် တိုင်းရင်းသားပြည်သူအားလုံးအတွက် အသက်တမျှအရေးကြီးသည်ဆိုသည်ကို စွဲမြဲစွာခံယူ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ပေါ် ပြည့်မြောက်သည်အထိ အမျိုးသားရေးတာဝန် ကျေပွန်စွာထမ်းရွက်

နေပြည်တော် ဖေဖော်ဝါရီ ၉

**၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။**

ကြိုဆိုနှုတ်ခွန်းဆက်ပွဲသို့ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၁၀-၂-၂၀၀၇
(စနေနေ့)

# အမျိုးသားရေးတာဝန် ကျေကျေပွန်ပွန်ထမ်းရွက်

ယနေ့အချိန်အခါသည် နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်မှုအကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလျက်ရှိရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို မှန်းဆရှုမျှော် ပုံဖော်တွေ့မြင်နေရပြီဖြစ်သည်။

နိုင်ငံတော်၌ တည်ငြိမ်အေးချမ်းသာယာမှုအခြေခံကောင်းများ ဖြစ်ထွန်းနေသည်။ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းလာစေရန် စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားရေး ပံ့ပိုးအားပေးလျက်ရှိသည်။ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ ချမှတ်ဖော်ဆောင်နေသည်။ ထို့အတူ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအရေးပါသည့် လျှပ်စစ်နှင့်စွမ်းအင် ကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးအတွက် စီမံကိန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

တစ်ချိန်တည်းတွင် အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရန် လူငယ်များအား အခြေခံပညာကဏ္ဍက စတင်၍ အဆင့်မြင့်တက္ကသိုလ်ကြီးများအထိ ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများရရှိစေရန် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးကြီးပမ်းတည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ပညာရည်မြင့်မားပြီး အတွေးအခေါ် ဗဟုသုတကြွယ်ဝနေရန်နှင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံနေရန် လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က အနာဂတ်ကို မျှော်မှန်းပြီး အမျိုးသား ပညာရည်မြင့်မားရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုများသည် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံကို လွှမ်းမိုးကြီးစိုးလျက်ရှိရာ တိုင်းရင်းသားပြည်သူများ၏ ထက်မြက်သည့် မျိုးရိုးဗီဇ၊ မြင့်မားသည့် ဉာဏ်ရည်ဉာဏ်သွေး၊ ခိုင်မာသည့် စိတ်ဓာတ်တို့ဖြင့် နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကို ဖော်ဆောင်သွားကြရမည်ဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးတွင် တည်ငြိမ်အေးချမ်းမှု၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှုနှင့် အမျိုးသားပညာရည်မြင့်မားမှု အခြေခံကောင်းများ ဖြစ်တည်နေမှုအပေါ်တွင် တည်မှီလျက်ရှိရာ ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများအားလုံးက အမျိုးသားပညာရည်မြင့်မားရေး ရည်မှန်းချက်များ ပြည့်ဝအောင်မြင်ရေး စွမ်းဆောင်ကြခြင်းဖြင့် နိုင်ငံတော် တည်ဆောက်ရေး အမျိုးသားရေးတာဝန်များကို ကျေကျေပွန်ပွန် ကြိုးပမ်းထမ်းရွက်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။




**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မန္တလေးမြို့နေ ချမ်းမြသာစည် မြို့သစ်(၁)နေ ဦးချစ်ကိုဦး-ဒေါ်အေးမြသိင်္ဂီ၊ သား ကျော်ဇင်ဦး၊ မင်းခန့်ဦး မိသားစုတို့က အလှူတော်ငွေ ကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်းစမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ထီးချိုင့်=အရှင်ဇနကထံ ဆက်ကပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရခိုင်ကမ်းလွန်ဒေသလုပ်ကွက် A-5 ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများဆောင်ရွက်ရန် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် ချုပ်ဆို

နေပြည်တော် ဖေဖော်ဝါရီ ၉

**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဗြိတိသျှဗားဂျင်းကျွန်း၌ ဖွဲ့စည်းတည်ထောင်ထားသော Rimbunan Petrogas Limited နှင့် စင်ကာပူသမ္မတနိုင်ငံ၌ ဖွဲ့စည်းတည်ထောင်ထားသော IGE Pte., Ltd. တို့သည် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက် A-5 ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract)ကို ဖေဖော်ဝါရီ ၆ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။**

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ Rimbunan Petrogas Limited, Executive Chairman, Tan Sri Datuk Tiong Hiew King၊ IGE Pte., Ltd. Managing Director ဦးဝင်းကြိုင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ Rimbunan Petrogas Limited, Executive Chairman, Tan Sri Datuk Tiong Hiew King ထံ စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်ကို ပေးအပ်စဉ်။** (သတင်းစဉ်)

### ပြောကြား

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကားပြောကြားပြီး Rimbunan Petrogas Limited, Chief Executive Officer, Mr. Andrew Ngu Hew Tak နှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်တို့က နှုတ်ခွန်းဆက်စကား အသီးသီး ပြောကြားကြသည်။

ဆက်လက်၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်၊ Rimbunan Petrogas Limited Executive Chairman, Tan Sri Datuk Tiong Hiew King ၊ IGE Pte. Ltd, Managing Director, ဦးဝင်းကြိုင်နှင့် အသိသက်သေများအဖြစ် စွမ်းအင်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ Rimbunan Petrogas Limited, Executive Director, Mr. Tiong Hock Chai၊ IGE Pte., Ltd, Deputy Managing Director ဦးသန်းဝင်းဆွေတို့က လက်မှတ်ရေးထိုးကြကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်ကို ပေးအပ်ရာ Rimbunan Petrogas Limited, Executive Chairman, Tan Sri Datuk Tiong Hiew King က လည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနနှင့် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးသောင်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို ပေးအပ်ရာ Rimbunan Petrogas Limited, Executive Chairman, Tan Sri Datuk Tiong Hiew King က လည်းကောင်း လက်ခံကြသည်။

ယင်းလက်မှတ် ရေးထိုးချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်သည် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက် A-5အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး လုပ်ငန်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး အခြေခံဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားရန် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကြံခင်းမြို့နယ်အသင်း လေ့လာရေးခရီးထွက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)အသင်းဝင်များ၏ လေ့လာရေးခရီးအဖြစ် သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ဖေဖော်ဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) သွားရောက်မည်ဖြစ်ပြီး မိတ်ဆုံစားပွဲ၌ ကြံခင်းသူများ၏ ကြံခင်းထမင်းသုပ်ဖြင့် ဧည့်ခံမည်ဖြစ်သည်။

မိတ်ဆုံစားပွဲ လက်မှတ်ဝယ်ယူထားသော အသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများသည် ဗိုလ်အောင်ကျော်လမ်း နယူးရောဟိုတယ်မှ မော်တော်ယာဉ် ထွက်မည်ဖြစ်ရာ ယင်းနေ့ နံနက် ၈ နာရီ အရောက်လာရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)




# တိပိဋက နိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့ စုံညီစည်းဝေး

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဖွဲ့စည်း တည်ထောင်တော်မူခဲ့သော တိပိဋက နိကာယ သာသနာပြု ဥပဋ္ဌာက(ပင်မ)အဖွဲ့နှင့် တိ=နိ ရန်ကုန်ဌာန၊ မန္တလေးဌာန၊ စစ်ကိုင်းဌာန၊ ပြင်ဦးလွင်(အနီးစခန်း)ဌာန၊ စာအုပ်စာပေ မော်ကွန်း အနုပညာအဖွဲ့၊ သုဘဒ္ဒါအဖွဲ့ အမှုဆောင်များနှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအကျိုးတော်ဆောင်များအဖွဲ့ ၄၈ဖွဲ့၊ တစ်ဖွဲ့လျှင် ကိုယ်စားလှယ်နှစ်ဦးကျစီဖြင့် (၂၃)ကြိမ်မြောက် နှစ်ပတ်လည် စုံညီအစည်းအဝေးကြီးကို ဆရာတော်ကြီး ပျံလွန်တော်မူသည့် (၁၄)ကြိမ်မြောက် အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပသည်။

အစည်းအဝေးတွင် အခမ်းအနားမှူး၊ အတွင်းရေးမှူး ဦးကျော်စိန်က ဆောင်ရွက်၍ တိ=နိ(ပင်မ)ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးအေးဖေနှင့် တိ=နိ ရန်ကုန်ဌာနဥက္ကဋ္ဌ ဆင်မင်း ဦးတင်ရွှေတို့က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် ကိုယ်စားလှယ်များက တင်ပြဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်၍ ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် တိပိဋကဓရ ဘဒ္ဒန္တ ကုဏ္ဍာစရိယ ဆရာတော်ထံမှ ငါးပါးသီလခံယူ၍ သြဝါဒကထာ ချီးမြှင့်ခြင်း နာယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(ကြေးမုံ)**

# ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု ရေဒီယိုအသံလွှင့် ဇာတ်လမ်းထုတ်လွှင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ယဉ်ယဉ်လု ဝတ္ထုဇာတ်ညွှန်းရေးသားစီစဉ်ထုတ်လွှင့်သည့် "ပြည်ထောင်စုသစ္စာ" ရေဒီယို အသံလွှင့် ဇာတ်လမ်းကို ဖေဖော်ဝါရီ ၁၁ရက်(တနင်္ဂနွေနေ့)ည ၇နာရီ ၁၅မိနစ်တွင် မြန်မာ့အသံရေဒီယိုမှ ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ဇာတ်လမ်းတွင်သရုပ်ဆောင်ချစ်သူ၊ ဆုရွှန်းလဲ့၊ ပွင့်နှင့် မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စီစဉ်ထုတ်လွှင့်မည့် "ပြည်ထောင်စုသစ္စာ" ရေဒီယိုအသံလွှင့်ဇာတ်လမ်းကို အသံသွင်းကြစဉ်။** (မြန်မာ့အသံ)

# အထက(၁)တာမွေ အာစရိယပူဇော်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

အထက(၁)တာမွေ (ကျောက်မြောင်း အစိုးရ အထက်တန်းကျောင်း)တွင် ၁၉၄၅-၆၅ခုနှစ်အတွင်းပညာသင်ကြားခဲ့သောကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ယင်းကျောင်းရှိခန်းမ၌ ကျင်းပမည်ဖြစ်ပါသဖြင့် အလှူငွေ ထည့်ဝင်လိုသူများသည် ဒေါ်ခင်သန်း ဖုန်း-၀၉-၉၉၂၀၁၆၆၊ ဦးညွှန့်တင် ဖုန်း-၅၄၀၉၁၇၊ ဦးလှထွန်း ဖုန်း-၅၄၅၅၁၃၊ ဦးလှဋ္ဌေး ဖုန်း-၅၄၈၆၃၉ နှင့် ဦးစိန်ဝင်းမောင် ဖုန်း-၅၇၂၀၀၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

# နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၉၄)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၉**




ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၉၄)ကို ယနေ့ဖြန့်ချိလိုက်သည်။ **(ယာပုံ)**

မြင်းမူမောင်နိုင်မိုး၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ကြည်အောင်(ကေတုမတီ)၊ ညိုလွမ်းအောင်၊ မောင်ခိုင်ခန့်၊ မင်းမောင်နွယ် (မွန်ဌာနီ)၊ပုဏ္ဏဝတီတင့်နှောင်း၊ ညွှန့်ဝေ(ကသာ)၊ အောင်ထွန်းလင်း(ချောက်)၊ ကျော်ကျော်ဦး (လယ်ဝေး)၊ မောင်လွန်းမြိုင်(ပင်လယ်ဘူး)၊ စစ်တွေညိုသန့်တို့၏ အဖွင့်ကဗျာများ၊ ဣန္ဒာဆွေ၊ စောမုံညင်း၊ မကြန်၊ တက္ကသိုလ်တင်ခ၊ ချစ်နိုင်(စိတ်ပညာ)၊ မောင်မြတ်မွန်(ဆူးလေ)၊ ပခုက္ကူဦးအုံးဖေ၊ ကာတွန်းဦးဗကလေး၊ မောင်ခင်မင်(ဓနုဖြူ)၊ ခင်ဧ (စက်မှု)၊ မောင်မောင်ကျော့(ပလက်ဝ)၊ချောင်းဦးမောင်စန္ဒာ၊ တက္ကသိုလ်စိုးယဉ်၊ အောင်ထက်၊ ဆောမြို့က ဦးတင်ငွေ၊ ဇွဲသန်းသျှင်(သုံးဆယ်)၊ ရွှေဆယ်ထိပ်တင်လှိုင်၊ စစ်ရဲအိမ်၊ တက္ကသိုလ်ဝင်းမြင့်တို့၏ ဆောင်းပါးများ၊ ဦးစံတင်အောင်(ရွှေဘို)၊ ဆင်ဖြူကျွန်းအောင်သိန်း၊ အေးရောမွန်(သင်္ချာ)၊ ရွှေဘိုဘာမထီခင်အောင်၊ ပတ္တမြားနီနီ၊ တင်ဦးလေး၊ ခိုင်လွင်ဦး(ထီးဆောင်း)၊ ဇင်မင်း(သမိန်ထော)၊ နိုင်ဆွေ(ခရမ်း)တို့၏ ဝတ္ထုတို၊ဝတ္ထုရှည်၊တစ်ခန်းရပ်ပြဇာတ်များ၊ ဟာသနှင့် ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်ကဏ္ဍများဖြင့် သုတ၊ ရသစုံလင်စွာ တင်ဆက် ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဗိုလ်မှူးကြီးအောင်စံတင်<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့်အလုပ်သမားဥပဒေ<br>စစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန |
| (ခ) | ဒေါက်တာတင်ညွှန့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေ တူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော စီအန်ပီစီကုမ္ပဏီသည် ရခိုင်ကမ်းလွန်ဒေသ ရေနက်ပိုင်းလုပ်ကွက်အမှတ် (AD-1/AD-8)တို့၌ 2D Seismic ကီလိုမီတာ ၃၀၀ မှ ကီလိုမီတာ ၅၀၀ တိုင်းတာမှုလုပ်ငန်းကို COSL ကုမ္ပဏီမှ တိုင်းတာရေးရေယာဉ် MV.Nanhai 502 နှင့် အထောက်အကူပြုရေယာဉ် MV.Cherry 727နှင့် MV.Cherry 728 တို့ဖြင့် ဖေဖော်ဝါရီ ၇ရက်မှ ၂၅ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geophysical Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့်တည်နေရာဧရိယာများမှာ Block AD-1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉မိနစ်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၃ မိနစ်နှင့် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ်၊ Block AD-8 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၃၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၂၅မိနစ်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၂၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ်နှင့် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ်အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ Geophysical Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV.Nanhai 502 နှင့် အထောက်အကူပြုရေယာဉ်နှစ်စင်းတို့ဖြင့် ဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းအသိပေးချက် (Notice to Mariner's ) ထုတ်ပြန် ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)


# ထူးခြားသည့် ညအပူချိန်များ

၉-၂-၂၀၀၇

**နမ့်စန်**
**ပင်လောင်းနှင့်**
**ဟဲဟိုး**

၅ ဒီဂရီစင်တီဂရိတ်စီ

**ရန်ကုန်**

၁၈ ဒီဂရီစင်တီဂရိတ်





# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၀-၂-၂၀၀၇ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၂၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၃၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၄၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၀ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၁။ | ဆရာတော်ဦးဃောသိတတရားတော် **ဝိသုဒ္ဓိ(၇)ပါး၊ ရထား(၇)စင်း ဥပမာ** |
| ၉:၁၅ | ၁၂။ | အပိတ်နှုတ်ဆက်စကား |
| ၉:၁၆ | ၁၃။ | ပြီးပါပြီ။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂:၂၀ | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂:၃၀ | ၅။ | **ရုပ်မြင်သံကြားဇာတ်လမ်း "ပြိုးတော်မူ" ဒွေး၊ အိန္ဒြာကျော်ဇင်** |
| ၁:၅၀ | ၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၁:၅၅ | ၇။ | အပိတ်နှုတ်ဆက်စကား |
| ၂:၀၀ | ၈။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၅ | ၃။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၄:၃၅ | ၄။ | ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ |
| ၅:၃၅ | ၅။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၇။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၈။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၀ | ၁၀။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၆:၄၀ | ၁၁။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၇:၀၀ | ၁၂။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မုန်တိုင်းကြားကချစ်လိပ်ပြာ" (အပိုင်း-၇)** |
| ၈:၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၅။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၆။ | **ENGLISH PREMIER LEAGUE ဘောလုံးပွဲ -Manchester United Vs Charlton (Live)** |
| | ၁၇။ | သင့်အတွက်မနက်ဖြန် |
| | ၁၈။ | အပိတ်နှုတ်ဆက်စကား |
| | ၁၉။ | ပြီးပါပြီ။ |

# အီရတ်တွင်အမေရိကန်တို့ မအောင်မြင် တပ်များရုပ်သိမ်းသင့်ဟု ပြင်သစ်ဝန်ကြီးချုပ် ပြောကြား

ပါရီ ဖေဖော်ဝါရီ ၉

**အမေရိကန်နိုင်ငံသည် အီရတ်နိုင်ငံအရေးကိစ္စကို ဖြေရှင်းရာ၌ မအောင်မမြင် ဖြစ်နေသည်ဟု မိမိရှုမြင်သည့်အပြင် အီရန်နိုင်ငံအရေးကိစ္စကို ကိုင်တွယ်ရာ၌လည်း ကမ္ဘာ့နိုင်ငံများအနေဖြင့် တွေးခေါ်ကြံဆဖြေရှင်းနိုင်စွမ်း နည်းပါးလျက်ရှိသည်ဟု ယူဆကြောင်း တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြင်သစ်ဝန်ကြီးချုပ် ဒိုမိနီဒီဗီလက်ပင်းက ပြောကြားသည်။**

အီရတ်တွင် ဖြစ်ပေါ်နေသော အကျပ်အတည်းကို အခြေခံမှစ၍ ဖြေရှင်းလိုလျှင် အမေရိကန်တို့အနေဖြင့် တပ်ဖွဲ့များ ရုပ်သိမ်းမည့်အစီအစဉ်ကို အတိအကျရက်သတ်မှတ်၍ လုပ်ဆောင်သင့်သည်ဟု ဗီလက်ပင်းက ဖိုင်နင်ရှယ်တိုင်းသတင်းစာသို့ ပြောကြားခဲ့သည်။ အီရတ်နိုင်ငံ၌ ပြည်ပတပ်ဖွဲ့များ တည်ရှိနေသည့် ကိစ္စများလည်း တရားမဝင်သော ကိစ္စဖြစ်သည်ဟု မိမိခံစားရကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

အမေရိကန်တို့သည် အီရတ်၌ မအောင်မမြင်ဖြစ်နေသည်။ ၂၀၀၃ခုနှစ်၌ အီရတ်စစ်ပွဲဖြစ်ပွားနေချိန်မှစ၍ ရေတွက်လျှင် ယနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ အရေအတွက်သည် ၃၀၀၀ ကျော်ဖြစ်နေပြီး ၂၀၀၆ခုနှစ် တစ်နှစ်တည်းမှာပင် အီရတ် အရပ်သူ၊ အရပ်သား သေဆုံးမှုသည် ၁၂၀၀၀ ဝန်းကျင်၌ ရှိနေပြီဖြစ်သည်။ လွန်ခဲ့သော ရက်အနည်းငယ်အတွင်း သွေးထွက်သံယိုမှု အဖြစ်အပျက် အများအပြား ပေါ်ပေါက်ခဲ့ပြီး အရပ်သား ရာပေါင်းများစွာသေကျေရသည်ကို မိမိတို့ သိရှိရကြောင်း၊ သို့ဖြစ်၍ ထိုအခြေအနေများကို ပို၍ဆိုးရွားမလာအောင်၊ရပ်တန့်သွားအောင် နည်းလမ်းရှာကြံ ကြရန်ပင် ဖြစ်သည်ဟု ၎င်းက ဆက်လက် ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***



**အိန္ဒိယနိုင်ငံတွင် ပြုလုပ်သည့် လေယာဉ်စွမ်းရည်ပြပွဲ၌ ရဟတ်ယာဉ်များ စွမ်းရည်ပြသနေကြသည်ကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ကြက်ငှက်အရှင်တင်သွင်းမှု ဖိလစ်ပိုင်၌ ယာယီပိတ်ပင်

**မနီလာ ဖေဖော်ဝါရီ ၈**

ဖိလစ်ပိုင်နိုင်ငံသည် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မည်ကို စိုးရိမ်သဖြင့် ဂျပန်နိုင်ငံမှ ကြက်ငှက်အရှင်များ တင်သွင်းမှုကို ယာယီတားမြစ်ပိတ်ပင်လိုက်ကြောင်း စိုက်ပျိုးရေးဝန်ကြီး အာသာယပ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကြက်ငှက်မွေးမြူရေးလုပ်ငန်းကို ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခြင်းမှ ကာကွယ်ရန် လိုအပ်ကြောင်း ယပ်က ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***



**ဗြိတိန်နိုင်ငံ ဘတ်ရှိုင်းယားမြို့ ဗစ်တိုးရီးယားလမ်းရှိ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာနေရာအား ရဲတပ်ဖွဲ့က အသွားအလာ ပိတ်ဆို့ထားသည်ကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အင်္ဂလန်တောင်ပိုင်း၌ စာအိတ်ဗုံးပေါက်ကွဲ လူနှစ်ဦး ထိခိုက်ဒဏ်ရာရ

**လန်ဒန် ဖေဖော်ဝါရီ ၉**

စာအိတ်ဗုံးဟု သင်္ကာမကင်းသည့် ဗုံးတစ်လုံး အင်္ဂလန်တောင်ပိုင်းဘတ်ရှိုင်းယားမြို့ရှိ စီးပွားရေးလုပ်ငန်း၌ာနတစ်ခုတွင် အင်္ဂါနေ့က ပေါက်ကွဲသဖြင့် လူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အုတ်ကလန်ရှိ ဝါကင်ဟမ်စီးပွားရေး လုပ်ငန်း၌ာနတွင်အသေးစားဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ အရေးပေါ်ဌာနက ကိုင်တွယ်ဖြေရှင်းနေသည်ဟု ရဲတပ်ဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းသို့ ပေါက်ကွဲမှုဖြစ်ပွားသဖြင့် ရဲတပ်ဖွဲ့ကိုခေါ်ယူပြီး အဆောက်အအုံမှ လူများကို ရွှေ့ပြောင်းကာ အခင်းဖြစ်ပွားသည့်နေရာကို အသွားအလာ ပိတ်ထားကြောင်း၊ အဆိုပါ ဗုံးမှာ စာအိတ်ဗုံးဖြစ်ဖွယ်ရာရှိပြီး ထိခိုက်ဒဏ်ရာသာရရှိစေခဲ့ကြောင်း ကြေညာချက်တွင် ပါရှိသည်။

စီးပွားရေး လုပ်ငန်းကုမ္ပဏီကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သည်ဟု ယင်းကုမ္ပဏီနှင့် ပတ်သက်သည့် သတင်းရပ်ကွက်ကပြောကြားသည်။ ရဲတပ်ဖွဲ့ကမူ ယင်းဗုံးပေါက်ကွဲမှုနှင့် စပ်လျဉ်း၍ ပြောကြားရန် အချိန်စောသေးသည်ဟု ဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***

# စင်ကာပူနိုင်ငံကို ဥယျာဉ်မြို့တော်အဖြစ်သို့ ပြောင်းလဲမည်

**စင်ကာပူ ဖေဖော်ဝါရီ ၉**

စင်ကာပူနိုင်ငံသည် တိုက်တာပေါသည့် မြို့ပြနိုင်ငံမှသည် ဥယျာဉ်မြို့တော်အဖြစ်ပြောင်းလဲရန် အစီအစဉ်အသေးစိတ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးချုပ် လီရှန်လွန်းက ဖေဖော်ဝါရီ ၆ ရက်တွင် ပြောကြားသည်။

**- ကြိုးပမ်း -**

စင်ကာပူနိုင်ငံသည် ဥယျာဉ်မြို့တော်ဖြစ်လာစေရန်အတွက် ထပ်မံ၍ အဆင့်တစ်ဆင့်တက် လုပ်ကိုင်သွားရန် အသင့်အနေအထားရှိကြောင်း၊ ကတိပေးထားသည်နှင့်အညီ အခက်အခဲတို့ကို ဖြတ်ကျော်ပြီး စင်ကာပူနိုင်ငံကို ဥယျာဉ်မြို့တော်အဖြစ် နိုင်ငံတကာ အသိအမှတ်ပြု လက်ခံထားလာစေရန် ကြိုးပမ်းနေပြီဖြစ်ကြောင်း လီက ပြောကြားသည်။

ရေရှုရှိရေး အစီအစဉ်(အေဘီစီ)ကို အောင်မြင်ရန် စင်ကာပူစည်ပင်သာယာရေးအဖွဲ့(ပီယူဘီ)က အသေးစိတ် ဆောင်ရွက်လျက်ရှိသည်။ စင်ကာပူနိုင်ငံ၏ ရေပေးဝေရေး စီမံချက်၂၀ ကျော်ကိုလည်း ဆက်လက်အကောင်အထည်ဖော် သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**- အဆင့်ဆင့် -**

နောင် ၁၀နှစ် မှ ၁၅ နှစ်တာကာလအတွင်း နိုင်ငံ၏နေရာ ၁၅၀ တွင် ယင်းစီမံချက် အဆင့်ဆင့်ကို အကောင်အထည်ဖော် သွားမည်ဖြစ်သည်။ ကျွန်းနိုင်ငံ၏ စတုရန်းကီလိုမီတာ ၇၀၀ ခန့်အကျယ်ရှိသော မြေနေရာတွင် ရေအရင်းအမြစ်ဆိုင်ရာ အစီအမံကို ဆောင်ရွက်သွားမည်ဖြစ်သည်။စင်ကာပူနိုင်ငံ၌ ဆည်၊ မြောင်း အပါအဝင် အခြားရေပေးဝေ ရေးလမ်းကြောင်းများ ရှိနေသည့်အပြင် မြစ်ချောင်း ၃၂ စင်းလည်း တည်ရှိနေသည်။

ရေပေးဝေရေးလမ်းကြောင်းနှင့် ရေအရင်းအမြစ်တို့ကို ဆက်သွယ်ခြင်းဖြင့် ပြည်သူများအတွက် ရေအခြေခံသော လူ့ပ်ရှားမှုလုပ်ငန်းများ၊ အခြားသော အပန်းဖြေနေရာများဖြစ်ထွန်းလာစေရန် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ နိုင်ငံခြားသတင်းများ The Mirror



**တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့နှင့် နန်နင်းအကြား ပြေးဆွဲလျက်ရှိသော မြန်နှုန်းမြင့် ရထားတစ်စီးကို ဖေဖော်ဝါရီ ၈ ရက်က ရှန်ဟိုင်းဘူတာ၌ တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ဩစတြေးလျတွင် ရေလွှမ်းမိုး မိကျောင်းအန္တရာယ် သတိပေးချက်ထုတ်ပြန်ထား

**ဆစ်ဒနီ ဖေဖော်ဝါရီ ၉**

ဩစတြေးလျနိုင်ငံရှိ အပူပိုင်းဒေသမြို့များတွင် ရေလွှမ်းမိုးမှုဖြစ်ပွားပြီး လမ်းများတွင် ရေများလျှံတက်၍ ကားများကို ရပ်တန့်ထားရကြောင်း၊ မြစ်များနှင့် ချောင်းများတွင် ရေလျှံမှုကြောင့် မိကျောင်းများ လမ်းများပေါ် ရောက်လာနိုင်သည့်အတွက် ဩစတြေးလျနိုင်ငံသားများကို ရဲတပ်ဖွဲ့က သတိပေးထားကြောင်း သတင်း ထုတ်ပြန်ထားသည်။

**တွေ့မြင်**

ကွင်းစလန်ပြည်နယ် အရှေ့မြောက်ဘက် အင်ဟမ်ဒေသအနီး လမ်းပိတ်ဆို့ထားရာနေရာ၌ ဖေဖော်ဝါရီ ၄ရက်က မိကျောင်းတစ်ကောင် ဖြတ်သန်းသွားသည်ကိုလည်းကောင်း၊ ရေများ လျှံတက်နေသော လမ်းတစ်နေရာတွင် နောက်ထပ်မိကျောင်းတစ်ကောင်ကိုလည်းကောင်း တွေ့မြင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၅ရက်တွင် ပြောကြားသည်။

မိကျောင်းသည် ရေအနက်တစ်ပေခန့်ရှိသော ရေပြင်တွင် ပုန်းခိုနေနိုင်သည့်အတွက် ၎င်းကို မြင်တွေ့ရန် မလွယ်ကူကြောင်း ရဲတပ်ကြပ် ဒါဗီဖီနာလီက ဒေသဆိုင်ရာ သတင်းဌာနသို့ ပြောကြားသည်။

ရွှံ့ထူထပ်သော ရေပြင်မှ မိကျောင်းသည် လူတို့ကို တွေ့မြင်နိုင်ပြီး ဒုက္ခပေးနိုင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# အိန္ဒိယ၌ ဗုံးဖောက်ခွဲရန် ကြံစည်သူများအား ရဲတပ်ဖွဲ့ကဖမ်းဆီး

**နယူးဒေလီ ဖေဖော်ဝါရီ ၉**

ကက်ရှ်မီးယားဒေသတွင် စစ်သွေးကြွ လေးဦးအား ဖေဖော်ဝါရီ ၄ ရက်တွင် ဖမ်းဆီးလိုက်ကြောင်း၊ ၎င်းတို့သည် မြို့တော်နယူးဒေလီရှိ လူစည်ကားရာ ဈေးအတွင်း ဗုံးခွဲတိုက်ခိုက်ရန် ကြံရွယ် စီမံခဲ့ကြသောကြောင့် ဖမ်းဆီးရခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၅ ရက်တွင် ပြောကြားသည်။

သုံးကီလိုဂရမ်လေးသည့် အာဒီအိပ်စ် ဖောက်ခွဲရေးပစ္စည်းများကို သယ်ဆောင်လာသော ဂျက်ရှ်-အီ-မိုဟာမက်အဖွဲ့မှ အဆိုပါ စစ်သွေးကြွများသည် လူစည်ကားသောဈေးများ၌ ဗုံးသုံးလုံးကို ထောင်ရန်စီစဉ်နေကြကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဗုံးဖောက်ခွဲမည့် ဈေးများ၏ အမည်ကို ထုတ်ဖော်ပြောကြားနိုင်မည် မဟုတ်ကြောင်း အကြမ်းဖက်နှိမ်နင်းရေး ရဲတပ်ဖွဲ့မှ အရာရှိ ကာနယ်ဆင်းက ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

# အင်တာနက် ကျန်းမာရေးသတင်းများ

## နို့မှုန့်တိုက်ခြင်းထက် မိခင်နို့ရည်တိုက်ကျွေးခြင်းက ကလေး၏အမြင်အာရုံ သန့်စွမ်းရေးကို ပိုမိုကောင်းမွန်စေ

နယူးယောက် ဖေဖော်ဝါရီ ၉

**ကလေးငယ်များ၏ အမြင်အာရုံစွမ်းအားကို နှိုင်းယှဉ်လျှင် နို့မှုန့်သောက်သုံးရသူကလေးများ၏ အမြင်စွမ်းအားထက် မိခင်နို့ရည်ကို သောက်သုံးရသော ကလေးငယ်များ၏ အမြင်အာရုံစွမ်းအားက ပို၍ကောင်းမွန်သည်ကို လေ့လာတွေ့ရှိရကြောင်း ဗြိတိသျှသုတေသီတစ်စုက ပြောကြားသည်။**



**မိခင်၏ နို့ချိုရည်သည် ကလေးငယ်၏ အမြင်အာရုံကို သန့်စွမ်းစေသည်။** *(ဓာတ်ပုံအင်တာနက်)*

ထိုမျှသာမကသေး မိခင်နို့ သောက်သုံးရသူ ရင်သွေးငယ်များ၏ အမြင်စွမ်းအားသည် ရေရှည်ကာလတွင်ပါ ပိုမိုဖွံ့ဖြိုးမှုရှိသည်၊ အကျိုးပြုသည်ကိုပါ လေ့လာတွေ့ရှိရသည်ဟု လန်ဒန်မြို့ ကလေးကျန်းမာရေးဌာနမှ ဒေါက်တာ အက်တူလ်ဆင်ဟဲလ်က ဖြည့်စွက်ပြောကြားသည်။

ကလေးများကို တိုက်ကျွေးရသော နို့မှုန့်များမှာထက် အမိနို့ရည်တွင် ဒိုကိုဆာဟက်ဆာ အင်ဒိုအစ်အက်စစ် (ဒီအိတ်ချ်အေ) ဓာတ်ပစ္စည်းတစ်မျိုး ပိုမိုပါဝင်သည်။ ဖော်ပြပါ အမြင်ဆိုင်ရာ အားသာချက်ရှိရခြင်းမှာ ဒီအိတ်ချ်အေခေါ် ဓာတ်ပစ္စည်းကြောင့် ဖြစ်မည်ဟု သုတေသီများက ယူဆသည်။

သို့ဖြစ်၍ ယင်းဒီအိတ်ချ်အေဓာတ်ကို ကလေးနို့မှုန့်များတွင် ဖြည့်စွက်ထည့်သွင်းပေးခြင်းသည် ကျိုးကြောင်းဆီလျော်မှုရှိကြောင်းဖြင့် ဆင်ဟဲလ်နှင့် သုတေသီတစ်စုက ရှုမြင်ကြသည်။ ဤအယူအဆကို အမေရိကန် အာဟာရ ဆေးပညာ ဂျာနယ်တွင် ရေးသားဖော်ပြခဲ့ကြသည်။

သုတေသီတစ်စုသည်အသက်(၄)နှစ်အရွယ်မှ (၆)နှစ်အရွယ်ရှိ အမိနို့ရည် သောက်စို့ရသူ ကလေး ၇၈ဦးနှင့် နို့မှုန့် သောက်သုံးရသူ ကလေးငယ် ၁၈၄ ဦးတို့ကို နှိုင်းယှဉ်လေ့လာရာမှ ဖော်ပြပါ တွေ့ရှိချက်များကို တွေ့ရှိခဲ့ကြခြင်း ဖြစ်သည်။

***အင်တာနက်။***

## လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်လျှင် အမျိုးအစား(၂)ဆီးချိုရောဂါကို ကာကွယ်နိုင်

ဝါရှင်တန် ဖေဖော်ဝါရီ ၉

**အမျိုးအစား(၂) ဆီးချိုရောဂါဟု သတ်မှတ်ထားသော ဆီးချိုရောဂါကို ပျောက်ကင်းသက်သာစေရန်လည်းကောင်း၊ ထိုရောဂါမဖြစ်ပွားစေရေး ကာကွယ်ရန်အတွက်လည်းကောင်း ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်ခြင်းသည် အကျိုးပြုကြောင်းကို မင်နီဆိုတာ တက္ကသိုလ်မှ ပညာရှင်များက လေ့လာတွေ့ရှိခဲ့ကြသည်။**

လေ့ကျင့်ခန်းပြုလုပ်ရာ၌ တစ်နေ့လျှင် လေ့ကျင့်ချိန် ၁၅ မိနစ်မျှပြုလုပ်လျှင်ပင် အကျိုးရှိသည်ကို သိရှိခဲ့ကြသည်။ ထိုလေ့လာတွေ့ရှိချက်ကို အမေရိကန် ဇီဝကမ္မဗေဒဆဲလ်စာစောင်တွင် ထည့်သွင်းဖော်ပြသွားမည် ဖြစ်ကြောင်း သိရသည်။

အမေရိကန်၌ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်း မွေးဖွားသည့် ကလေးသုံးဦးလျှင် တစ်ဦးသည် အမျိုးအစား(၂) ဆီးချိုရောဂါဖြစ်ပွားလာနိုင်စရာရှိကြောင်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ခန့်မှန်းထားသည်။ လူအများအနေဖြင့် အမျိုးအစား(၂) ဆီးချိုရောဂါကို တိုက်ဖျက်ရာ၌ အစားအသောက်ဆင်ခြင်ခြင်း၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း ပြုလုပ်ခြင်း နည်းလမ်းနှစ်မျိုးကို တွဲဖက်ကျင့်သုံးကာမျှနှင့် ဟန့်တားနိုင်ကြောင်း မင်နီဆိုတာတက္ကသိုလ်မှ ပါမောက္ခဆိုင်ဖော့က ပြောကြားသည်။

အမျိုးအစား(၂) ဆီးချိုရောဂါသည် ခန္ဓာကိုယ်က အင်ဆူလင်ဟော်မုန်းဓာတ် ထုတ်ပေးမှု နည်းပါးခြင်းနှင့် ခန္ဓာကိုယ်ကြွက်သားများက အင်ဆူလင်ကို ဆန့်ကျင်ခြင်းကြောင့် ဖြစ်ပွားလာရသည့် ဆီးချိုရောဂါအမျိုးအစား ဖြစ်သည်။

***အင်တာနက်။***



**လေ့ကျင့်ခန်းမှန်မှန် ပြုလုပ်ခြင်းသည် အမျိုးအစား(၂) ဆီးချိုရောဂါ ကာကွယ် တိုက်ဖျက်ရေးအတွက် အကျိုးပြုသည်။**
*(ဓာတ်ပုံအင်တာနက်)*

## မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း မိတ်ဆုံညစာစားပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(MCPA)၏ မိတ်ဆုံညစာစားပွဲကို ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်ပြီး ၎င်းညစာစားပွဲတွင် ကွန်ပျူတာ IT, Internetနှင့် အထွေထွေဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲများ၊ ကံစမ်းအစီအစဉ်များပါဝင်ပြီး MCPA နှစ်ပတ်လည်သတင်းလွှာ ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ကျောက်ပန်းတောင်းမြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားစဉ်။** (၁၉)

## ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၉

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ကျောက်ပန်းတောင်းမြို့နယ်တာဝန်ခံ) ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်း မြို့နယ် သာသနာ့ပါလအသင်းရုံး၌ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်တိုက်များမှ ဆရာတော် သံဃာတော် ၆၄၈ ပါးတို့အား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို လျှောက်ထားသည်။**

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ကျောက်ပန်းတောင်းမြို့နယ်လုံးဆိုင်ရာသာသနာ့ဗိမာန်တော်ကြီး၌ကျင်းပသော ကျောင်းသားလူငယ်များအတွက် တရားပွဲသို့ တက်ရောက် ကြည်ညိုပြီး မြို့နယ် စိတ္တပါလဂူကျောင်း စာသင်တိုက်၌ ဆရာတော်သံဃာတော် အပါး ၃၀၀ တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် တာဝန်ရှိသူများနှင့်အတူ ကျောက်ပန်းတောင်းမြို့ သောက်သုံးရေကန် ထိန်ကန် ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် ကျောက်ပန်းတောင်းမြို့နယ်ခန်းမ၌ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို ဆွေးနွေးမှာကြားပြီး အလှူရှင်များနှင့်အတူ မြို့ဦးစေတီ တည်ဆောက်ရေးအတွက် ငွေကျပ် ၇၄ သိန်း၊ ထိန်ကန်ပြုပြင်ရန်အတွက် ငွေကျပ် ၄၂ သိန်းနှင့် လူမှုရေးအသင်းအဖွဲ့များအတွက် ငွေကျပ် ၁၃သိန်း ငါးသောင်းတို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဗဟို အလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ဖေဖော်ဝါရီ ၂ ရက် နံနက်၁၀နာရီတွင် ကျောက်ပန်းတောင်းမြို့နယ် မကျီးကုန်းအုပ်စု ပေါက်တောကျေးရွာ၌ ဗဟိုအလုပ်အမှုဆောင်နှင့် မိသားစုက လှူဒါန်းထားသော စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ကျောက်ပန်းတောင်းမြို့နယ် လယ်ကြီးတောင်အုပ်စု လက်ပံကျင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ လမ်းအရှည် ၁၂ မိုင်ရှိ ကျောက်ပန်းတောင်းမြို့နှင့် လက်ပံကျင်းကျေးရွာသို့ ဆက်သွယ်ထားသောလမ်းကို ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေး အတွက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့်အတူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဗဟိုအလုပ်အမှုဆောင်သည် ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်၊ ကျေးရွာ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးနှင့် ကျေးလက်မီးလင်းရေး ကိစ္စရပ်များကို ဆွေးနွေးပြောကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





## လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအပေါ် ထပ်ဆင့် ရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်းဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအပေါ်ထပ်ဆင့်ရှင်းလင်းပွဲကို ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း စုပေါင်းရုံးရှိ တိုင်းဥပဒေရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

ရှင်းလင်းပွဲတွင် ရန်ကုန်တိုင်း ဥပဒေအရာရှိ ဦးကျော်မိုးနိုင်က နိုင်ငံတော်ဝန်ကြီးချုပ်၏ ပြည်နယ်၊ တိုင်းတရားသူကြီးများနှင့် ပြည်နယ်၊တိုင်းဥပဒေအရာရှိများအား နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ တရားစီရင်ရေး ဆိုင်ရာများ၊ ဥပဒေရေးရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဥပဒေအရာရှိက ရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်တို့၏ ရှင်းလင်းဆွေးနွေးမှာကြားချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ပြည်ထောင်စုနေ့တွင် လျှော်ကားဥယျာဉ်ဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

သစ်တောဦးစီးဌာန လျှော်ကားဥယျာဉ်ကို နေ့စဉ် ပုံမှန် နံနက် ၈နာရီမှ ညနေ ၄ နာရီအထိသာ ဖွင့်လှစ်သော်လည်း ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) တွင် အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေ အနားယူလေ့လာနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မမေ့နိုင်သော စည်းလုံးညီညွတ်မှု ပုံရိပ်များ

တက္ကသိုလ်လှမောင်

## နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုနေ့ကြီး နီးလာတော့ ပြည်ထောင်စုကြီးအကြောင်း ခေါင်းထဲရောက်လာမိပါတယ်။ လွမ်းမောဖွယ်ရာတွေပါ။အတိတ်အကြောင်း ဆိုတော့လည်း စိတ်မကောင်းဖွယ်ရာလေးတွေ၊ ဝမ်းနည်းဖွယ်ရာလေးတွေ ပါတတ်စမြဲပါပဲ၊ ပြည်ထောင်စုသားအချင်းချင်း ညီရင်းအစ်ကိုတွေ စိတ်ဝမ်းတွေ ကွဲခဲ့ကြတယ်ဆိုတဲ့ အဖြစ်ဇာတ်လမ်းက စိတ်မချမ်းမြေ့ဖွယ်ရာပဲ မဟုတ်ပါလား။

"ကိုဇော်ရှင်းတစ်ယောက် တောထဲ ရောက်သွားပြီတဲ့"

လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော် ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝ ကျောင်းပိတ်ပြီးလို့ ကျောင်းပြန်ဖွင့်တဲ့အခါ သူငယ်ချင်း ကိုဇော်ရှင်းတစ်ယောက်ကို မမြင်မိ၍ မေးကြည့်ရာ သူငယ်ချင်းဖြစ်သူ ချင်းအမျိုးသား ငွန်အုပ်က သတင်းပေးလိုက်ခြင်း ဖြစ်ပါတယ်။

သူ့ကို ကျွန်တော်တို့က ကိုဇော်ရှင်းဟူ၍ပဲ ခေါ်ကြတယ်။ သူ့နဲ့ ကျွန်တော်တို့ ထီးတန်းကောလိပ်မှာ စတွေ့၊ စခင်ကြတော့ သူ့နာမည်ကို ဇော်ရှီယန်းလို့ ပြောတယ်။ ကျွန်တော်တို့က မခေါ်တတ်တော့ ကိုဇော်ရှင်းဟူ၍ပဲ လွယ်သလို ခေါ်ဖြစ်သွားတယ်။ သူသည် အခြားသူ မဟုတ်ပါ။ တစ်ချိန်က ကေအိုင်အေ (KIA) အဖွဲ့အစည်းတွင် တပ်မဟာမှူးအဆင့်ဖြင့် နာမည်ကြီးခဲ့သူ "ဇော်ဒန်"ပင် ဖြစ်ပါတော့တယ်။

x x x

**ထီးတန်းကောလိပ် (၁၉၅၉)**

ဒီကာလများက နိုင်ငံရေးအခြေအနေ အရှုပ်ထွေးဆုံး ကာလများဟု ပြောသော် ရနိုင်ပါတယ်။ ရှုပ်ထွေးမှုတွေထဲမှာ မယုံသင်္ကာမှုတွေသာ သန္ဓေတည်ခဲ့တယ်၊ အချင်းချင်းတွေ ကွဲကြ၊ ပြဲကြတယ်။ တစ်ဦးကို တစ်ဦးက မယုံကြည်၊ တစ်ယောက်ကို တစ်ယောက်က ယုန်ထင် ကြောင်ထင်တွေဖြင့် သံသယတွေဝင်၊ ညီညွတ်မှုကို မတည်ဆောက်နိုင်၊ ကျောင်းသားထဲမှာလည်း နိုင်ငံရေးဂယက်တွေ ရိုက်ခတ်နေတယ်၊ သို့ရာတွင် ထိုဂယက်များကြားမှပင် ကျွန်တော်တို့ ချစ်ခင်ဖွယ်ရာ သံယောဇဉ် အမျှင်တန်းလေးများ တွေ့လိုက်ရတယ်။ ကျွန်တော်တို့ ရိုးသားသော ကျောင်းသားများအဖို့တော့ ကျောင်းနေပျော်၍ စာတော် ရမည်ဆိုတဲ့ ဆောင်ပုဒ်ကိုပဲ လက်ကိုင်ထားခဲ့ကြတယ်။ ထိုသဘောရှိသော ကျောင်းသားသူငယ်ချင်းခြောက်ဦး ထီးတန်းကောလိပ်ရဲ့ ဝမ်းဒီ(1 D) ဆိုသော အဆောင်ခန်းလေးထဲမှာ အတူနေခဲ့ကြတယ်။ အခန်းဖော် (Room Mate)များအနေနှင့် ခင်ခင်မင်မင် စည်းစည်းလုံးလုံး နေခဲ့ကြတယ်။ တိုင်းရင်းသားစုံရိပ်မြုံခန်းဝါ ပြည်ထောင်စုရိပ်သာလေးဟူ၍ပင် တင်စားနိုင်ပါတယ်။ ကျွန်တော့်ခုတင် လက်ယာဘက်က ငွန်အုပ် (ချင်းတိုင်းရင်းသား–တီးတိန်)၊ ဘယ်ဘက်က ဟယ်လင် (ချင်းတိုင်းရင်းသား–ဟားခါး)၊ မျက်နှာချင်းဆိုင်ဘက်က ကိုရဲဇော်(ကရင်တိုင်းရင်းသား)၊ နောက်ပြီး ကိုဇော်ရှင်း(ကချင်တိုင်းရင်းသား)၊ နောက်ပြီး ဝင်ပေါက်ဝမှာက ကိုစောရှင်မောင် (ရခိုင်တိုင်းရင်းသား)တို့ ဖြစ်ပါတယ်။

နံနက်ပိုင်း ကျောင်းမတက်ခင်ဆိုလျှင် သူ့ဆိုင်ရာ ဆိုင်ရာ တိုင်းရင်းသား သူငယ်ချင်းတွေ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားစုံလင် နန်းဘုံခွင်လေးမှာ ဆုံဖြစ်ကြတယ်။ ကချင်၊ ကရင်၊ ချင်း၊ ရခိုင်၊ ဗမာ စုံနေတာပါပဲ၊ ရန်ကင်းကောလိပ် အဆောင်များမှ လာတက်သူတွေ၊ သိပ္ပံမှဝိဇ္ဇာသို့ ပြောင်းလာသူတွေ၊ အဆောင်မနေ နေ့ကျောင်းသားတွေ အနေနဲ့ ကျောင်းမတက်ခင် သက်ဆိုင်ရာ ခင်မင်တဲ့သူငယ်ချင်း အခန်းတွေမှာ နားခိုကြတယ်။ ကျွန်တော်တို့ (1 D) အခန်းလေးမှာလည်း ကျောင်းမတက်ခင်မှာ သူငယ်ချင်း ၂၀ ကျော်လောက် အမြဲဆုံစည်းနေကျ၊ မနက်ဆိုလျှင် တိုင်းရင်းသားဘာသာ စကားမျိုးစုံနှင့် ရယ်ကြမောကြ ပြောကြဆိုကြ စည်ကားလှပါတယ်။

ထိုသို့ပင် ကျွန်တော်တို့အခန်းမှာ အတန်းအားချိန်တိုင်း တိုင်းရင်းသားတွေ စုမိကြတယ်။ ငွန်အုပ်နှင့် ဟယ်လင်တို့က ချင်းတိုင်းရင်းသား ဆိုသော်လည်း တစ်ဦးက တီးတိန်၊ တစ်ဦးက ဟားခါးဖြစ်နေတော့ အင်္ဂလိပ်လိုပြောလျှင်ပြော မဟုတ်လျှင် ဗမာလိုပဲ ပြောဖြစ်ကြတယ်။ ကျွန်တော့်ခုတင်က အလယ်မှာဆိုတော့ သူတို့နှစ်ယောက်က ကျွန်တော့်ကို ကျော်ပြီး အချင်းချင်း လှမ်းပြောနေတတ်တယ်။ ညတိုင်လျှင် ကျွန်တော့်ညာဘက်က ငွန်အုပ်က ခရစ်ယာန်ဘာသာလို ဘုရားဝတ်ပြုတယ်၊ ဝဲဘက်က ဟယ်လင်ကလည်း ခရစ်ယာန်လို ဝတ်ပြုတယ်၊ ကျွန်တော်ကလည်း အလယ်ကနေ ဩကာသအစချီကာ ဘုရားရှိခိုးတယ်။

ကျွန်တော်က သူငယ်ချင်းစိတ်ဓာတ်ဖြင့် ခရစ်ယာန်အသင်းဝင်လိုက်ပြီး အလှူငွေများ တတ်နိုင်သမျှထည့်တယ်၊ ဟုမ်းလမ်းရှိ ဘုရားရှိခိုးကျောင်းတွင် ကျွန်တော်လည်း သူငယ်ချင်းများနှင့်အတူရောရော၍ လိုက်တက်တယ်။ သူငယ်ချင်းများက ဖိတ်လို့ မာလာဆောင်ရှေ့က Student Centreမှာ ကျင်းပတဲ့ ခရစ္စမတ်ပျော်ပွဲ ရှင်ပွဲလေးများသို့လည်း တက်ရောက်ဖြစ်ခဲ့တယ်။ **ကျွန်တော်တို့ စိတ်ထဲမှာ ဘာသာရေး ခွဲခြားမှုဆိုသည်လည်း မရှိ၊ ဘာသာမတူတာနဲ့ပဲ ကျွန်တော်တို့ ညီအစ်ကိုတွေ သွေးကွဲကြရမှာလား၊ ကျွန်တော်တို့တတွေဟာ တစ်မြေတည်းနေ တစ်ရေတည်းသောက် ကောင်းတူဆိုးဘက်၊ အတူတူခံစားဖြတ်သန်းလာခဲ့ကြတဲ့ ညီအစ်ကိုတွေကို ဘာတွေကရော ဟန့်တားခွဲခြားနိုင်ကြမှာတဲ့လဲ၊ အဲဒါ ပြည်ထောင်စုစိတ်ဓာတ်လို့ပဲ ကျွန်တော်ခံယူပါတယ်။** Student Centre အခန်းအနီးကို ကျွန်တော် ရောက်လာတော့ ကိုဇော်ရှင်းတစ်ယောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတယ်။

ပြည်တွင်းသောင်းကျန်းမှုမှာ ရောပါရင်း ကိုဇော်ရှင်းခေါ် ဇော်ဒန်တစ်ယောက် ရှေ့တန်းတစ်နေရာမှာ အသက်ဆုံးရှုံးသွားတဲ့အခါ သတင်းစာထဲမှာ သူ့ဓာတ်ပုံကို တွေ့လိုက်ရတယ်။ သတင်းစာထဲမှာ ဇနီးဖြစ်သူ ပလောင်အမျိုးသမီးလေးနဲ့ တွဲရိုက်ထားတဲ့ ကချင်တိုင်းရင်းသား ကိုဇော်ရှင်းပုံကို တွေ့လိုက်ရတဲ့အခါ အယူအဆမတူသော်လည်း၊ ဆန့်ကျင်ရင်ဆိုင်တိုက်နေရသူဖြစ်သော်လည်း သူငယ်ချင်းဟူသော သံယောဇဉ်စိတ်ဖြင့် စိတ်မကောင်းဖြစ်ခဲ့ရတယ်။

ထီးတန်းကောလိပ် အဆောင်ကနေ တက္ကသိုလ်ကို ရောက်တော့ မန္တလေးဆောင်မှာ အခန်းနီးချင်း လာဖြစ်နေပြန်ပါတယ်။

"ကိုလှမောင်၊ ခင်ဗျား Body ကို Build up လုပ်ပါ။ ကျန်းမာသန်စွမ်းဖို့လိုတယ်"

ကျောင်းသားဘဝက ကျွန်တော်က ပိန်ပိန်လေးဆိုတော့ ကိုဇော်ရှင်းက တွဲခေါ်လို့ မန္တလေးဆောင်ရှေ့မှာရှိတဲ့ အားကစားရုံမှာ သူနဲ့အတူ အလေးတွေမ၊ လေ့ကျင့်ခန်းတွေ လုပ်ဖြစ်တယ်။ ဟုတ်တယ်။ တကယ်လဲ သူရော ကျွန်တော်ရော ကြမ်းတမ်းတဲ့ ဘဝလမ်းတွေ လျှောက်လှမ်းကြရလိမ့်မယ်လို့ မမြင်ခဲ့မိပါဘူး၊ သူနဲ့ကျွန်တော် ရှေ့တန်းစစ်မြေပြင်တွေမှာ ရင်ဆိုင်ရလိမ့်မယ်လို့လဲ မမျှော်မှန်းမိခဲ့ကြပါဘူး။

ကျွန်တော် မုန်းစီး၊ နားလယ် ရှေ့တန်းခွင်မှာ တာဝန်ထမ်းဆောင်တော့ အဲဒီနယ်မြေ တပ်မဟာမှူးက ဇော်ဒန်ပါ။ ကျွန်တော်ကလည်း ဇော်ဒန်ဟာ ကျွန်တော့် ကျောင်းနေဖက် သူငယ်ချင်းလို့ပြောလိုက်တယ်။ သတင်းတွေဟာ ချက်ချင်းရောက်သွားမှာပါပဲ။

မုန်းစီး၊ နားလယ်၊ လင်ရှန်ကူး၊ ရောက်ပေါ်ဒေသဟာ တိုက်ပွဲကြီးတွေ မကြာခဏဖြစ်တဲ့ ဒေသပါ။ တပ်ရင်းလိုက်ဖြစ်တဲ့ တိုက်ပွဲတွေမှာ သူ့ဘက် ကိုယ့်ဘက် ဆုံးရှုံးမှုတွေ များပြားပါတယ်၊ ဒါပေမယ့် ထူးဆန်းတာက ထိတွေ့မှုတွေ အဆက်မပြတ်ဖြစ်နေတဲ့ အဲဒီခွင်မှာ ကျွန်တော့် တပ်ခွဲမှဲ့တစ်ပေါက် မစွန်းခဲ့ပါဘူး။ ရင်ဆိုင်တွေ့ကြရရင်တော့ ကျွန်တော်တို့ သူပစ်ကိုယ်ပစ်၊ သူကျကိုယ်ကျတွေ ဖြစ်ကြရမှာပါပဲ။ ထိတွေ့မှုမရှိခဲ့တာကိုတော့ဖြင့် ကျွန်တော် ဒီနေ့အထိ မှတ်မှတ်ရရဖြစ်နေဆဲပါ။ တကယ်တော့ ကျွန်တော်တို့ ညီအစ်ကိုချင်းတွေ သူ့ဘက်က ဆုံးရှုံးတာပဲဖြစ်ဖြစ်၊ ကိုယ့်ဘက်က ဆုံးရှုံးတာပဲဖြစ်ဖြစ် အားလုံးနစ်နာတာပဲ မဟုတ်လား။ ဒီတော့ ကျွန်တော့်ရင်ထဲမှာ အဲဒီတုန်းက ခေတ်စားခဲ့တဲ့ သီချင်းတစ်ပုဒ် ဝင်လာမိပါတော့တယ်။

**"စစ်ကိုမလိုပြီ x စစ်ကိုမလိုပြီ x ငြိမ်းချမ်းရေးသာ x ပေးသာပေးကြပါ"**တဲ့။

x x x



**အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု**

သာကီဝင်မင်းတို့ ရောဟဏီ မြစ်ရေလုပွဲပြဿနာနှင့် ပတ်သက်၍ တစ်ဖက်နှင့်တစ်ဖက် စစ်ဖြစ်ရန် ပြင်ဆင်နေစဉ် မြတ်စွာဘုရားက မြစ်လယ်ကောင် ကောင်းကင်ယံကနေပြီး ငြိမ်းချမ်းရေးတရား ဟောကြားခဲ့လို့ ဆွေမျိုးချင်းတွေ စစ်ဖြစ်သေကျေ ပျက်စီးမယ့်ဘေးက ကင်းဝေးခဲ့ကြပါတယ်။

တိုင်းရင်းသား ညီအစ်ကိုတွေ၊ ဆွေရင်းမျိုးချာတွေဆိုတာ စည်းလုံးညီညွတ်မှုအပြည့် ရှိနေရပါမယ်။ အရေးကြီးလျှင် သွေးနီးရပါမယ်။ သွေးနီးမှုလည်း စည်းလုံးမိပါတယ်။ အသေးအမွှား သဘောထားကွဲလွဲမှုလေးတွေကတော့ ရှိနေပါတယ်။ ညီအစ်ကိုအရင်းစိတ်ဓာတ်နဲ့ ညှိနှိုင်းတိုင်ပင် ဆွေးနွေးလိုက်လျှင် အဖြေတွေ့သွားမည်သာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုတိုင်းရင်းသားတွေအတွက် သွေးစည်းခိုင်မာသော ပြည်ထောင်စု နိုင်ငံတော်ကြီးပေါ်လာဖို့ "အမျိုးသားညီလာခံကြီး"မှာ တစုတဝေးတည်း ဆွေးနွေးနေကြလေပြီ။

**ဆွေမျိုးဆိုတာ ဝေးတသက်သက်ပါ။ ရပ်ဝေးတစ်နေရာမှာ ကိုယ့်ဆွေမျိုး တစ်ယောက်ရဲ့မျက်နှာကို မြင်လိုက်ရရင် အလိုလို အားအင်တွေ ပြည့်သွားရပါတယ်။ ပြည်တွင်းမှာ တိုင်းရင်းသားညီအစ်ကိုတွေ ပေါင်းစည်းထားတဲ့ ပြည်တွင်းအားသာလျှင် တကယ့်အင်အားအစစ်ပါ။ တစ်ချိန်က ပြည်တွင်းအားတွေကို မစုစည်းနိုင်ခဲ့လို့ မညီမညွတ်တွေ ဖြစ်ခဲ့ရတယ်။ စည်းလုံးညီညွတ်မှုတွေ ပြိုကွဲခဲ့ရတယ်။**

**အခုတော့လဲ ငြိမ်းချမ်းရေးတွေ ရနေကြပါပြီ။ ကျွန်တော်တို့ တာဝန်ထမ်းဆောင်ခဲ့တဲ့ နယ်မြေတွေမှာလည်း ယခင်ကနှင့် မတူတော့ပါ။ ငြိမ်းချမ်းသော နယ်မြေတွေဖြစ်နေပါပြီ။ တိုးတက်ဖွံ့ဖြိုးမှုဆီသို့ ဦးတည်နေကြပြီ။**

"ကျွန်တော်တို့ ကချင်ပြည်နယ်ကြီး ခေတ်နောက်ကျနေတယ်ဗျာ။ တိုးတက်ဖွံ့ဖြိုးလာအောင် ကျွန်တော်တို့ အများကြီးကြိုးစားရဦးမယ်" ဟိုလွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်ကာလက ကျွန်တော့်သူငယ်ချင်း ကချင်တိုင်းရင်းသား ကိုဇော်ရှင်း ပြောသွားခဲ့သော စကားလေးကို ပြန်လည်ကြားယောင်နေမိပါတယ်။ သူကတော့ သူ့စိတ်ထဲမှာရှိတဲ့အတိုင်း အရိုးခံလေးနဲ့ ပြောသွားခဲ့တာပါပဲ။ ဒီနေ့ ကချင်ပြည်နယ် ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်မှုကို သူမြင်နိုင်ရင် ဘယ်လောက်ဝမ်းသာလိုက်မလဲ။ ကျွန်တော်တို့ တစ်ပြည်ထောင်လုံးအတွက် ဆက်လက်ကြိုးစားသွားရမှာတွေ အများကြီးပါ။ တစ်နိုင်ငံလုံးမှာ အလှတရားတွေ ဖူးငုံနေပြီး ဒီအလှတရားတွေ ပွင့်လန်းဝေဆာလာအောင် ကျွန်တော်တို့ ကိုယ်စီကိုယ်င ညီညီညွတ်ညွတ်နဲ့ ကြိုးစားသွားကြရမယ်လေ။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ကျွန်တော်တို့ စိတ်ထဲမှာ ဘာသာရေး ခွဲခြားမှုဆိုသည်လည်း မရှိ၊ ဘာသာမတူတာနဲ့ပဲ ကျွန်တော်တို့ ညီအစ်ကိုတွေ သွေးကွဲကြရမှာလား၊ ကျွန်တော်တို့တတွေဟာ တစ်မြေတည်းနေ တစ်ရေတည်းသောက် ကောင်းတူဆိုးဘက်၊ အတူတူခံစားဖြတ်သန်းလာခဲ့ကြတဲ့ ညီအစ်ကိုတွေကို ဘာတွေကရော ဟန့်တားခွဲခြားနိုင်ကြမှာတဲ့လဲ၊ အဲဒါ ပြည်ထောင်စုစိတ်ဓာတ်လို့ပဲ ခံယူပါတယ်။

# နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်

- ❒ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ❒ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- ❒ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- ❒ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ❒ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

❍ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

ကျွန်တော် ကချင်ပြည်နယ်မှာ တာဝန်ထမ်းဆောင်စဉ်က ပြည်နယ်ရဲ့အလှလေးတွေ ဖော်ကျူးထားတဲ့ သီချင်းလေးတွေ ရဖူးပါတယ်၊ ကျက်ဖူးပါတယ်၊ သီဆိုခဲ့ဖူးပါတယ်။

**Nanpan Zawn Zawn Tsawra Ai Myit Hte (ပန်းပွင့်လေးနဲ့ တူလိုက်တာ၊ ချစ်စရာကောင်းလိုက်တာတဲ့)၊ အားလုံးကို ပန်းပွင့်လေးတွေလို မြင်လိုက်တဲ့အခါ ချစ်မေတ္တာတရားတွေ မလွဲမသွေ မွေးဖွားလာရမှာပဲ မဟုတ်လား။**

**O' Tsawra N'gya E Ga Loi Bai Hkarum Lu Na; Ga Loi N' Malap Ai Galoi Bai Hkarum Lu Na (ချစ်သူရေ ဒို့များဘယ်တော့ ပြန်ဆုံရမှာလဲ၊ ဘယ်လိုမှမမေ့နိုင်လို့ ပြန်ဆုံချင်လိုက်တာ၊ ဘယ်ခါ ပြန်ဆုံတွေ့ရမှာလဲတဲ့)၊ ချစ်ဖွယ်ရာလေးတွေ၊ အလှတရား လေးတွေကို မေ့ပါနိုင်ပဲ အမြဲပြန်ဆုံချင်နေတာ သဘာဝတရားပါပဲ။ ဟုတ်တယ်လေ၊ အနိဋ္ဌာရုံ အကျည်းတန်တာတွေနဲ့တော့ ဘယ်ပြန်ဆုံချင်ပါ့မလဲ။**

**Shap Shap Li Phe Shap (လှော် လှော် လှေကိုလှော်၊ လှေကလေးကို တည်တည်ငြိမ်ငြိမ်နဲ့ လှော်ခတ်သွားကြရအောင်ပါတဲ့)၊ ပြည်ထောင်စု လှေကြီးကိုလေ၊ ညီညီညာညာ တည်တည်ငြိမ်ငြိမ်နဲ့။**

**Gum Gai Dingla Ni Kyu Kyai (အဘိုးနဲ့အဘွားလည်း အသက်တွေ ကြီးကြပါပြီတဲ့)၊ အသက်တွေကြီးလာတော့ ရင့်ကျက်တည်ငြိမ် အေးချမ်းစွာပဲ နေလိုလှပါတော့တယ်။ ဟုတ်တယ်၊ ကျွန်တော်တို့ အသက်တွေ ကြီးလာကြပြီ၊ ကျွန်တော်တို့ ပြည်ထောင်စုနယ်မြေကြီးရဲ့ သက်တမ်းဟာလည်း နှစ်သန်းနဲ့ချီလို့ ရှည်လျားခဲ့ပါပြီ။**

**Wun Pawn Makhawn ခေါ်တဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တေးသံလေးတွေကို ကျက်မှတ်ခဲ့ရ၊ သီဆိုခဲ့ရတဲ့ ကျွန်တော့်ကိုယ် ကျွန်တော်လည်း ပြန်မြင်ယောင်နေမိတယ်။ တာဝန်အရ ရှေ့တန်းစစ်မြေတွေမှာ ထမ်းဆောင်နေရသော်လည်း ရောက်လေရာရာမှာ ရင်ထဲက အချစ်တရား၊ အလှတရား၊ မေတ္တာတရား၊ စည်းလုံးညီညွတ်ရေး တရားလေးများကို အခါအခွင့်သင့်တိုင်း တွေ့ထိခံစားမိလေတော့ ဘယ်တော့မှ မမေ့နိုင်၊ အခါမလပ် အမှတ်တရ လွမ်းမောတသနေဦးတော့မှာပါပဲ။**

x x x

ကျွန်တော်က ပင်စင်ယူပြီးတဲ့အခါ စမ်းချောင်းမှာ အခန်းလေးတစ်ခန်း ဝယ်ပြီးနေခဲ့တယ်၊ စမ်းချောင်းကနေ ဟုမ်းလမ်း (ယခု ပန်းလှိုင်လမ်း) အတိုင်း လမ်းလျှောက်လာရင်း တစ်စုံတစ်ရာကို ရှာဖွေနေမိတယ်။ ဒီနေရာကို မရောက်ဖြစ်ခဲ့တာ နှစ်ပေါင်း ၄၀ ကျော်နေပြီဆိုတော့ မြင်ကွင်းတွေကလည်း ပြောင်းလဲနေပြီ။ တစ်ချိန်ကတော့ ဒီနေရာ တစ်ဝိုက်က ကျွန်တော်တို့ ကျင်လည်ခဲ့ရာ ကျက်စားခဲ့ရာ နေရာလေးပါပဲ၊ တိုက်တွေတာတွေ အဆောက်အအုံအသစ်အဆန်းတွေတိုးလို့ အရင် မြင်ကွင်းမျိုးလည်း မဟုတ်တော့၊ ဟိုတုန်းက ဒီယခု ပန်းလှိုင်လမ်းခေါ် ဟုမ်းလမ်းတစ်လျှောက်အပေါ် အောက် ကျွန်တော်တို့ တစ်တွေ အမြဲလျှောက်နေကျ။ လှိုင်မြစ်ကမ်းဘေးက ဗောတံတားတွေပေါ်မှာလည်း ထိုင်ခဲ့ကြတယ်။ အဲဒီနေရာလေးရဲ့ အလယ်အမိုးမှာ ခိုအိမ်ပြာသာဒ်ကလေးနဲ့ နှစ်ထပ်တိုက်ဖြူဖြူ အဆောက်အအုံတစ်ခု၊ အဲဒီအဆောက်အအုံရဲ့ (1D) ဆိုတဲ့ အခန်းလေးကို ရှာနေတာပါ။ အဲဒီအခန်းလေးထဲမှာ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုတွေ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ အတူတူနေခဲ့ကြ၊ အတူတူကျောင်းတက်ခဲ့ကြတယ်လေ။ ဟိုတုန်းက ထီးတန်းကောလိပ်ဆိုတဲ့ ဆိုင်းဘုတ်ကြီးကလဲ အဝင်ဝမှာ ထင်ထင်ရှားရှား ကြီးပါပဲ။

ပထမအကြိမ်သွားရှာတော့ ကျွန်တော်မောပြီး ပြန်လာခဲ့တယ်၊ ကောင်းကင်ကြီးကတော့ ပြာလွင်ကြည်စင်နေတာပါပဲ၊ မကျေမနပ်နဲ့ ဒုတိယအကြိမ် သွားရှာတော့ ယခု ပန်းလှိုင်လမ်း တစ်နေရာမှာ သစ်ပင်သစ်ရွက်ဖျားတို့ရဲ့ အကြိုအကြားက ခိုအိမ် အမိုးဖျားလေး ဘွားခနဲ မြင်လိုက်တော့ အတိုင်းမသိ ဝမ်းသာသွားတယ်၊ ကျွန်တော်ရှာခဲ့တဲ့ နေရာလေးက အခုတော့ အထက်တန်းကျောင်းကြီး ဖြစ်နေတာကိုး။ ဝင်းထဲဝင် အဆောက်အအုံကြီးကို မော့ကြည့်နေတဲ့ အဘိုးကြီး ကျွန်တော့်ကို ဆရာမလေးများက အထူးအဆန်းအနေနဲ့ ကြည့်နေကြတယ်။

"ဘကြီး ဘယ်သူ့ကို ရှာနေတာလဲ"

"ဩော် ဩော် အေး ဘကြီး မရောက်တာကြာလို့ ဝင်ကြည့်တာပါ" တိုင်းရင်းသားစုံတဲ့ (1D) ခန်းရိပ်မြုံလေးဆီ ကျွန်တော် တစ်ချက်ဝေ့ကြည့်မိလိုက်တယ်။ ခန်းရိပ်မြုံလေးကပေးလိုက်တဲ့ စည်းလုံးညီညွတ်မှုဆိုတဲ့ အသိလေးတစ်ခုကို ရင်မှာ ထွေးပိုက်လိုက်ရင်း နေရာဟောင်းလေးကို နှုတ်ဆက်လိုက်မိတယ်။

**လွမ်းမောဖွယ်ရာတွေက အတိတ်တွေအဖြစ်နဲ့ ကျန်ရစ်ခဲ့ပါပြီ။ အတိတ်ဖြစ်ရပ်တွေကနေ သံဝေဂတွေယူ သင်ခန်းစာတွေ ထုတ်နုတ်ပြီးတော့ ကျွန်တော်တို့ ညီနောင်ရင်းတွေနဲ့ တည်ဆောက်ထားတဲ့ ပြည်ထောင်စုကြီး မယိုင်လဲ မပြိုကွဲရအောင် ထိန်းသိမ်းသွားကြဖို့ လိုအပ်ပါတယ်။ ပြည်ထောင်စုကြီး ခိုင်မာဖွံ့ဖြိုးဖို့ဆိုလျှင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးရှိနေရေးဟာ အရေးကြီးတကာ့ အရေးအကြီးဆုံး ဖြစ်နေပါတယ်။**

ဟိုးတစ်ချိန်က သူငယ်ချင်း တိုင်းရင်းသားများနှင့်အတူ ပျော်ရွှင်စည်းလုံးစွာ နေခဲ့ရသော ဘဝပုံရိပ်လေးကို အမှတ်ရနေမိပါတယ်။ ။




## ပြည်ထောင်စုပန်း မွှေးလန်းဖြာဝေ

(တျာချင်း)

* ပြည်ထောင်စုပန်း၊ မွှေးလန်းလို့ဖြာဝေ၊
ညီနောင်သားချင်း၊ ရိုင်းပင်းကူညီနေ၊
ပိုင်နက်တည်စေ၊ ညီဆွေအင်အား။
လက်သည်းဆိတ်လာ လက်ထိပ်နာ
သစ္စာစောင့်သိ ပွားသည်တည့်လေး။

* ကချင်ကယား၊ အင်အားတောင့်တင်းခိုင်၊
ကရင်နှင့်ချင်း၊ ချစ်ခြင်းမေတ္တာလှိုင်၊
ဗမာ,ရခိုင်၊ စွမ်းနိုင်မွန်,ရှမ်း။
အမျိုးသားဟန် တိုးပွားရန်
အားမာန်သတ္တိ လွှမ်းသည်တည့်လေး။

* နှလုံးစိတ်ဝမ်း၊ ရွှင်လန်းလို့ဖြူစင်၊
တစ်မြေတည်းဖွား၊ သွေးသားအရင်းပင်၊
အပြစ်မမြင်၊ ချစ်ကြင်မြတ်နိုး။
အရေးကြီးလာ သွေးစည်းကာ
ပြည်ရွာ စည်သာဖြိုးသည်တည့်လေး။

* ငါတို့လူမျိုး၊ ရှေးရိုးလမ်းစဉ်မှာ
ကိုယ့်လူမျိုးထိ၊ မချိအောင်နာတာ၊
အယုတ်တမာ၊ မိစ္ဆာနယ်ချဲ့။
စော်ကားဖို့ကြံ၊ ကျူးကျော်ပြန်
တွန်းလှန်ချေမှုန်းခဲ့သည်တည့်လေး။

* မယိုင်မနဲ့၊ ခိုင်တဲ့စိတ်ဓာတ်သန်၊
သွေးထိုးစွက်ဖက်၊ တိုက်ဖျက်လက်တုံ့ပြန်၊
အမိနိုင်ငံ၊ အောင်လံဝင့်ကြွား။
အရေးသုံးလီ နှလုံးတည်
ဘုန်းရည်တန်ခိုးထွားသည်တည့်လေး။

* ဘိုးဘွားတို့အမွေ ပြည်ထောင်မြေ
မွှေးလန်းဖြာဝေစည်။
နိုးကြားလို့မသွေ ညီနောင်ဆွေ
အေးချမ်းသာနေသည်။ ။

နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက် ...

**ရေနံ့သာမောင်ကျော်ညွန့်**

# ကျဉ်းမြောင်းသည့် လူမျိုးရေးစိတ်ဓာတ်များပယ်ခွာပြီး ညီအစ်ကိုမောင်နှမများ ချစ်ချစ်ခင်ခင် သိုက်သိုက်ဝန်းဝန်း၊ အေးအေးချမ်းချမ်း ဥမကွဲသိုက်မပျက် မိသားစုစိတ်ဓာတ်ဖြင့် နေထိုင်ကြရမည်



❐ ရှေ့ဖုံးမှ

ကြိုဆိုနှုတ်ခွန်းဆက်ပွဲတွင် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားကြေညာသည်။

ရှေးဦးစွာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် နိုင်ငံတော်၏ ဒေသအသီးသီးက စုစည်းရောက်ရှိလာကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားကိုယ်စားလှယ် သွေးသားရင်းချာများကို ယခုကဲ့သို့ တစုတဝေး တည်း တွေ့ဆုံရသည့်အတွက် လှိုက်လှိုက်လှဲလှဲ ကြည်နူးဝမ်းသာမှု ဖြစ်ရပါကြောင်းကို ဦးစွာပြောကြားလိုပါကြောင်း။

ယခုနှစ်ကျင်းပမည့် ပြည်ထောင်စုနေ့၏ ထူးခြားချက်များသည်နှစ်ပေါင်း (၆၀)ပြည့် မြောက်သည့် ပြည်ထောင်စုနေ့ဖြစ်ခြင်း၊မြန်မာနိုင်ငံ၏ မြို့တော်သစ်ဖြစ်သည့် နေပြည်တော်တွင် ပထမဆုံးအကြိမ်ကျင်းပသည့် ပြည်ထောင်စုနေ့ဖြစ်ခြင်းနှင့် ယခင်နှစ်များကဲ့သို့ ပြည်နယ်များက တိုင်းရင်းသားကိုယ်စားလှယ်များသာမက တိုင်းအသီးသီးက တိုင်းရင်းသားကိုယ်စားလှယ်များပါ စုံစုံညီညီတက်ရောက်သည့် ပြည်ထောင်စုနေ့ဖြစ်ခြင်းဆိုသည့် ထူးခြားချက်များ ရှိပါကြောင်း။

မြန်မာတိုင်းရင်းသားအားလုံးသည် မြန်မာနိုင်ငံနယ်နိမိတ်ပြင်ပ အခြားနေရာဒေသများက ပြောင်းရွှေ့လာသည့် လူမျိုးများမဟုတ်ဘဲ ရှေးပဝေသဏီကာလကတည်းက မြန်မာ့မြေပေါ်တွင် ပေါက်ဖွားရှင်သန်ကြီးပြင်းလာကြသည့် ပြည်ထောင်စုတိုင်းရင်းသားစစ်စစ်များဖြစ်ကြောင်း၊ လူသမိုင်းဖြစ်စဉ်၌ ရှိခဲ့သည့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်များသည် မြန်မာ့မြေပေါ်တွင် အဆင့်ဆင့်ဖြစ်ထွန်းလာခဲ့ပြီး လူသားမျိုးနွယ်စုများသည်လည်း ထိုခေတ်များအလိုက် မြန်မာ့မြေပေါ်တွင်ပင်ရှိခဲ့သည်ဆိုသည်မှာ ခိုင်မာသော သမိုင်းအထောက်အထားများရှိပြီးဖြစ်ကြောင်း။

ဤမျိုးနွယ်စုများသည် အမိမြေပေါ်တွင် ရေကြည်ရာမြက်နုရာ ရှာဖွေသွားလာကြရင်း ပထဝီဝင်အနေအထား၊ ရာသီဥတု၊ အချိန်ကာလဆိုသည့် အကြောင်းတရားများကြောင့် အသားအရောင်၊ ပုံသဏ္ဌာန်၊ ဘာသာစကားများ ကွဲပြားခြားနားလာကြခြင်းဖြစ်သော်လည်း စင်စစ်အားဖြင့် ဤမြေပေါ်တွင် မျိုးဆက်ရှည်ကြာစွာ ပေါက်ဖွားရှင်သန်လာခဲ့ကြသည့် သွေးချင်းသားချင်း ညီနောင်ရင်းများသာဖြစ်သည်ဆိုသည်မှာ တိုင်းရင်းသားအားလုံး ခံယူထားရမည့် အခြေခံသဘောတရားပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ တစ်နံတစ်လျားတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်သည် ရိုးသားဖြူစင်ခြင်း၊ သနားကြင်နာခြင်း၊ စာနာထောက်ထားခြင်း၊ ရိုင်းပင်းကူညီခြင်း၊ အေးချမ်းစွာနေထိုင်လိုခြင်း စသည့် တူညီသည့် စရိုက်လက္ခဏာများနှင့် မိသားစုစိတ်ဓာတ်ကိုအခြေခံပြီး သုခ၊ ဒုက္ခဟူသမျှကို မျှဝေခံစားကြရင်း ပေါင်းစည်းယှက်နွယ်နေထိုင်ခဲ့ကြသည်မှာ လူ့သမိုင်းအစမှသည် ယနေ့ကာလတိုင်ပင်ဖြစ်ပါကြောင်း။

ယနေ့ကာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးများ ဒွေးရောယှက်တင် ပေါင်းစည်းနေထိုင်ကြသကဲ့သို့ ပြည်နယ်နှင့် တိုင်း ဒေသအသီးသီးတွင်လည်း တိုင်းရင်းသားလူမျိုးများ အတူတကွ ပေါင်းစည်းယှဉ်တွဲ နေထိုင်လျက်ရှိကြသည်သာမက သွေးသားရောနှောပြီး မိသားစုကြီးတစ်ခုကဲ့သို့ ဖြစ်တည်လျက်ပင် ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

**"ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးတွေဟာ တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းမကွဲမပြားနဲ့ ချစ်ချစ်ခင်ခင် နေထိုင်လာခဲ့ကြတယ်။ ဒီအစဉ်အလာကောင်း စိတ်ဓာတ်ကောင်းကို ပိုမိုခိုင်မာလာအောင်၊ တောင့်တင်းလာအောင် အစဉ်ထာဝရကြံ့ဆောင်ရင်း ပြည်ထောင်စုကြီးကိုလည်း အမြဲတမ်း တစည်းတလုံးတည်း တည်ရှိနေအောင် ဒို့တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြဖို့ တာဝန်ရှိတယ်"**

ဟု ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ သင်တန်းအမှတ်စဉ်(၃၈) သင်တန်းသား၊ သင်တန်းသူများကို ဩဝါဒစကား မြွက်ကြားရာတွင် အထက်ပါကဲ့သို့ လမ်းညွှန်ပြောကြားခဲ့ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ လမ်းညွှန်သည့်အတိုင်း မိမိတို့တိုင်းရင်းသားများသည် လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်ဦးနှင့်တစ်ဦး ပေါင်းစည်းယှက်နွယ်နေထိုင်ကြရာ၌ ကျဉ်းမြောင်းသည့် လူမျိုးရေးစိတ်ဓာတ်များ ပယ်ခွာပြီး ညီအစ်ကိုမောင်နှမများ ချစ်ချစ်ခင်ခင် သိုက်သိုက်ဝန်းဝန်း အေးအေးချမ်းချမ်း ဥမကွဲသိုက်မပျက် အကျိုးတူပူးပေါင်းကာ မိသားစုစိတ်ဓာတ်ဖြင့် နေထိုင်ကြရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းဖြစ်စဉ်များသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြစ်စဉ်များနှင့် တစ်ဆက်တစ်စပ်တည်းရှိနေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာ စုစည်းတည်ဆောက်နိုင်သည့် ကာလများ၌ နိုင်ငံတော်၏အင်အားတောင့်တင်းခိုင်မာမှုနှင့်အတူ အာရှဒေသတစ်ခွင်တွင် ထင်ရှားပြီး နိုင်ငံအများက လေးစားခန့်ညားရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု လျော့ပါးသည့်ကာလများ၌ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးအခြေအနေများ နိမ့်ပါးပြီး ပြည်ပ၏ ကျူးကျော်မှုများ၊ အချုပ်အခြာအာဏာကို ထိပါးစော်ကားမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်ကို သမိုင်းတွင် အထင်အရှား တွေ့ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတကာ့အလယ်တွင် ခေတ်မီဖွံ့ဖြိုးသည့်နိုင်ငံကြီးအဖြစ် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်ရေးသည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအားလုံး၏ စည်းလုံးညီညွတ်မှု၊ သေအတူရှင်မကွာ အမြဲထာဝရ ပေါင်းစည်းနေထိုင်သွားမည်ဆိုသည့် မိသားစုစိတ်ဓာတ် နှီးကြားခိုင်မာမှုတို့အပေါ်တွင် အဓိက တည်နေသည်ဆိုသည်မှာ ထင်ရှားကြောင်း။

ကမ္ဘာ၌ ကိုလိုနီနယ်ချဲ့စနစ် ကြီးထွားခဲ့သည့် ၁၉ ရာစုနှောင်းပိုင်း ကာလတွင် မြန်မာနိုင်ငံကိုအုပ်ချုပ်နေသည့် ပဒေသရာဇ်များအတွင်း သွေးကွဲအောင် ကိုလိုနီနယ်ချဲ့နိုင်ငံများကဖန်တီးပြီး စည်းလုံးညီညွတ်မှု ပျက်ပြားချိန်တွင် ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး မြန်မာနိုင်ငံတော်ကြီးကို သိမ်းပိုက်၍ မြန်မာတိုင်းရင်းသားများကို ကျွန်ပြုအုပ်ချုပ်ခဲ့ကြောင်း။

ကိုလိုနီနယ်ချဲ့များအနေဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသည့် မြန်မာတိုင်းရင်းသားများသည် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသည့် သွေးချင်းသားချင်းများဖြစ်ခြင်း၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ကြခြင်းများကို သဘောပေါက်ကြသည့်အလျောက် ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားအောင် အစီအစဉ်တကျ သပ်လျှိုသွေးခွဲပြီး မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားများကို ရေရှည်ကျွန်ပြုအုပ်ချုပ်နိုင်စေရန် ကြံစည်လုပ်ဆောင်ခဲ့ကြကြောင်း။

မြန်မာတိုင်းရင်းသားများအနေဖြင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် မြန်မာနိုင်ငံ ပြန်လည်ထူထောင်နိုင်ရန် ကိုလိုနီနယ်ချဲ့စနက်ကြောင့် ဖြစ်ခဲ့ရသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား တစ်ဦးနှင့်တစ်ဦး အထင်အမြင်လွဲမှား သံသယပွားခဲ့ရမှုများကို ချေဖျက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို မဖြစ်မနေ ပြန်လည်တည်ဆောက်ခဲ့ကြောင်း။

၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်တွင် အားလုံးသိသည့်အတိုင်း ပင်လုံမြေ၌ တိုင်းရင်းသားခေါင်းဆောင်များ စုဝေးပြီး တိုင်းရင်းသားများနေထိုင်ရာ နယ်မြေဒေသအားလုံး တစ်လက်မ မကျန် လွတ်လပ်ရေးရယူကြမည်ဆိုသည့် ခိုင်မြဲသောသန္နိဋ္ဌာန်ဖြင့် သမိုင်းဝင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာ ပြသနိုင်ခဲ့သည့်အတွက် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်၌ ခံ့ခံ့ထည်ထည် ပြန်လည်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် လွတ်လပ်ရေးအတွက် သန္ဓေတည်ပေးခဲ့သည့်နေ့၊ ပြည်ထောင်စုကြီး အစဉ်ထာဝရတည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှ အရေးကြီးသည့်နေ့၊ မြန်မာနိုင်ငံသမိုင်းတွင် အစဉ်အမြဲ အောက်မေ့တသနေရမယ့်နေ့ စသည့် နိုင်ငံရေးအဓိပ္ပာယ် အလွန်လေးနက်သော ဖေဖော်ဝါရီ ၁၂ ရက်ကို **"ပြည်ထောင်စုနေ့"** ဟု သတ်မှတ်ပြီး နှစ်စဉ်နှစ်တိုင်း ထိုနေ့ရက်တွင် ပြည်ထောင်စုနေ့အခမ်းအနားများကို နိုင်ငံတစ်ဝန်းလုံး၌ အမျိုးသားရေး ဦးတည်ချက်များချမှတ်ပြီး နိုင်ငံရေးအနှစ်သာရရှိရှိ ထည်ထည်ဝါဝါ ကျင်းပနေခြင်းပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက်တွင်လည်း ကိုလိုနီနယ်ချဲ့တို့၏အန္တရာယ်က မအေးသေးဘဲ ကိုလိုနီနယ်ချဲ့လက်သစ်များ၏ လူမျိုးရေးပဋိပက္ခဖြစ်အောင် သပ်လျှိုသွေးခွဲမှုများ၊ ဝါဒရေးရာအရ ဖြားယောင်းသိမ်းသွင်းမှုများကြောင့် ရောင်စုံလက်နက်ကိုင် ဆူပူသောင်းကျန်းမှုများ တစ်နိုင်ငံလုံးတွင် အပြင်းအထန်ပေါ်ပေါက်ခဲ့ပြီး လွတ်မြောက်စ မြန်မာနိုင်ငံနှင့် နိုင်ငံသားတိုင်းရင်းသားများသည် ကိုလိုနီလက်သစ်များ၏ ဩဇာခံ၊ ခြယ်လှယ်ခံ၊ ကြိုးဆွဲခံဘဝကို ရောက်ရတော့မည့်အခြေအနေဖြစ်ခဲ့ကြောင်း။

ထိုအခြေအနေတွင် တပ်မတော်က နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအပေါ် သစ္စာရှိရှိ၊ တာဝန်သိသိရပ်တည်ပြီး သောင်းကျန်းမှုဟူသမျှကို စွမ်းစွမ်းတမံ ရှုပ်ရှုပ်ချုံချုံ အသက်သွေးဖြင့် ရင်းနှီးတိုက်ခိုက်ခဲ့သည့်အတွက် မြို့ပြအများစုသည် ငြိမ်းချမ်းမှုရခဲ့သော်လည်း ကျေးလက်တောရွာများ၊ အထူးသဖြင့် နယ်စပ်ဒေသများက တိုင်းရင်းသားပြည်သူများသည် ကျီးလန့်စာစားဘဝဖြင့် နှစ်ပေါင်းများစွာနေထိုင်ခဲ့ရပြီး အသက်သွေးချွေးများ အမြောက်အမြား ဆုံးရှုံးခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

**မြန်မာနိုင်ငံသည် "ပြည်ထောင်စုနိုင်ငံ"ဖြစ်သည့်အတွက် ပြည်ထောင်စုအတွင်း နေရာဒေသအနှံ့အပြား၌ နေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုများအကြား တစ်စိတ်တည်းတစ်ဝမ်းတည်း၊ တစ်ဦးအပေါ်တစ်ဦး နားလည်စာနာမှု၊ သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန် ရိုင်းပင်းကူညီဖေးမမှု၊ အပြန်အလှန် မှီခိုအားထားယုံကြည်မှု စသည့်စိတ်ဓာတ်ရေးရာအခြေခံကောင်းများ ဖြစ်ထွန်းပြီး ထိုအခြေခံကောင်းများက ပေါက်ဖွားလာသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် ထာဝရ မြဲမြဲခိုင်မာနေရန်လိုကြောင်း သမိုင်းဖြစ်ရပ်မှန်များက ပြဆိုလျက်ရှိကြောင်း။**

ဤကဲ့သို့ တိုင်းရင်းသားများအကြား စည်းလုံးညွတ်မှုခိုင်မြဲနေမှသာ ပြည်ထောင်စုကြီးသည် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်သည့်အတွက် မိမိတို့တပ်မတော်အစိုးရအနေဖြင့် **"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"** ဆိုသည့် ပြည်ထောင်စုနိုင်ငံတော်နှင့် လိုက်လျောညီထွေရှိသည့် အမျိုးသားရေးမူဝါဒကို ချမှတ်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စု ထာဝစဉ်ရှင်သန်ထွန်းကားရေးကို အလေးပေး ဆောင်ရွက်ခဲ့ပါကြောင်း။

ယင်းသို့ အမျိုးသားရေးမူဝါဒအပေါ် အခိုင်အမာရပ်တည်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို စိတ်ရှည်လက်ရှည်ဖြင့် ပြန်လည်တည်ဆောက်နိုင်ခဲ့သည့်အတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား နှစ်ပေါင်း ၄၀ကျော်ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများကို ချုပ်ငြိမ်းစေနိုင်ခဲ့ပြီး နယ်စပ်ဒေသများ၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေခံသည့် တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှုများ ရရှိခဲ့သည်ကို အားလုံးမျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းမှုမရှိခဲ့သည့်အတွက် ဒေသဖွံ့ဖြိုးရေးကို အစိုးရအဆက်ဆက် ဆောင်ရွက်မပေးနိုင်ခဲ့၍ နယ်စပ်ဒေသနေ တိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝ အဘက်ဘက်က နိမ့်ကျခဲ့ရသည့် အခြေအနေများက လွတ်မြောက်ပြီး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဦးဆောင်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ ကွပ်ကဲမှုအောက်တွင် လုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာကော်မတီများနှင့် ဆပ်ကော်မတီများအပြင် ဝန်ကြီးဌာနတစ်ခုကိုပါ ထပ်မံဖွဲ့စည်းပြီး စနစ်တကျ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ဤကဲ့သို့ ဆောင်ရွက်ရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ၊ လျှပ်စစ်စွမ်းအားလုပ်ငန်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သတ္တုရှာဖွေရေး စသည့် လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ပေးခဲ့ပြီး နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ အခြေခံလူ့အခွင့်အရေးများ ပြည့်ဝအောင် ဖြည့်ဆည်းပေးခဲ့ကြောင်း။

မြန်မာနိုင်ငံသည် "ပြည်ထောင်စုနိုင်ငံ" ဖြစ်သည့်အတွက် ပြည်ထောင်စု အတွင်း နေရာဒေသအနှံ့အပြား၌ နေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုများအကြား တစ်စိတ်တည်းတစ်ဝမ်းတည်း၊ တစ်ဦးအပေါ်တစ်ဦး နားလည်စာနာမှု၊ သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန် ရိုင်းပင်းကူညီဖေးမမှု၊ အပြန်အလှန် မှီခိုအားထား ယုံကြည်မှု စသည့် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ ဖြစ်ထွန်းပြီး ထိုအခြေခံကောင်းများက ပေါက်ဖွားလာသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် ထာဝရ မြဲမြဲခိုင်မာ နေရန်လိုကြောင်း သမိုင်းဖြစ်ရပ်မှန်များက ပြဆိုလျက်ရှိ။





**၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။** (သတင်းစဉ်)

ထို့ကြောင့် တစ်နေရာကတစ်နေရာ သွားလာရေး အလွန်ခက်ခဲသည့် နယ်စပ်ဒေသများသည် ရာသီမရွေး ဥဒဟိုသွားလာနိုင်သည့် ဒေသများ ဖြစ်လာပြီး သိသိသာသာ တိုးတက်ဖြစ်ထွန်းလာသည်ကို တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ ယခင်က ရွာငယ်များသာရှိခဲ့သည့်နေရာများ၌ ယခုအခါ တိုက်တာအဆောက်အအုံများ၊ ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ ဈေးများ၊ ရုံးများ၊ ဟိုတယ်များ၊ ပြတိုက်များ၊ ပန်းခြံများ၊ လျှပ်စစ်မီးများဖြင့် တင့်တယ်လှပသည့် မြို့ကြီးပြကြီးများ ပေါ်ပေါက်နေပြီဖြစ်သကဲ့သို့ ထိုမြို့များ၊ ရွာများက အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ကျောင်းသူ၊ ကျောင်းသား လူငယ်လူရွယ်များသည် ပျော်ရွှင်ချမ်းမြေ့စွာ ခေတ်မီသင်ထောက်ကူပစ္စည်းများကို အသုံးပြုပြီး အခြေခံပညာသာမက အဆင့်မြင့်ပညာများကိုပါ သင်ယူနိုင်ကြပြီဖြစ်၍ နိုင်ငံတော်၏ အနာဂတ်အတွက် လွန်စွာ အားတက်ဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း။

ထို့ပြင်က ဆေးရုံ၊ ဆေးပေးခန်း၊ သားဖွားခန်း စသည့် ကျန်းမာရေး စောင့်ရှောက်မှုပေးသည့် နေရာများတွင် ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမ စသည့် ကျန်းမာရေးဝန်ထမ်းများက ဒေသခံတိုင်းရင်းသားများ၏ ကူးစက်ရောဂါ၊ နာတာရှည်ရောဂါ၊ ရာသီအလိုက် ဖြစ်ပေါ်တတ်သည့် ရောဂါများကို စေတနာထား ပြုစုစောင့်ရှောက်ပေးနေပြီဖြစ်သည့်အတွက် ဒေသခံ တိုင်းရင်းသားများ၏ ကျန်းမာရေးအခြေအနေများ တိုးတက်ကောင်းမွန်လာပြီး ဒေသခံတိုင်းရင်းသားများ၏ လူ့သက်တမ်းသည်လည်း မြင့်မားလာနေပြီဖြစ်ကြောင်း။

စီးပွားရေးဘက်၌လည်း ဘိန်းအစားထိုးသီးနှံများအဖြစ် ရာသီအလိုက်သီးနှံနှင့် နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်အောင် နိုင်ငံတော်က စီမံပံ့ပိုးပေးသည့်အတွက် ထွက်ရှိသည့်သီးနှံများကို အနီးအနားပတ်ဝန်းကျင်ဒေသများနှင့် တစ်ဖက်နိုင်ငံများကိုပါ တင်ပို့ရောင်းချနိုင်သည့် အခြေအနေအထိ ဖြစ်ထွန်းလျက်ရှိပြီဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းတွင်လည်း ကြက်၊ ဝက်၊ သားငါးများကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် ခြံကြီးများအထိ မွေးမြူနေကြပြီဖြစ်ကြောင်း၊ ရေအားလျှပ်စစ်စက်ရုံနှင့်တကွ ကုန်ထုတ်စက်ရုံ၊ အလုပ်ရုံများ ပေါ်ထွန်းလာပြီဖြစ်သကဲ့သို့ ဟိုတယ်ကြီးများ တည်ဆောက်ပြီး ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်လာသည်အထိ စီးပွားရေးလုပ်ငန်းများ အခြေကျအောင်မြင် ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

**ခေတ်အဆက်ဆက်၌ ဝေးလံခေါင်သီပြီး လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသည့် စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်ပြီး လူမှုဘဝ ပြည့်စုံမှုမရှိသည့် တိုင်းရင်းသားများနေထိုင်ရာ နယ်စပ်ဒေသများသည် ယခုအခါတွင် လမ်းများ၊ တံတားများ၊ ခေတ်မီဆက်သွယ်ရေးစနစ်များဖြင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှု၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း စသည့် စီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်လာသည်သာမက ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်း စသည့် လူမှုရေးပတ်ဝန်းကျင်ကောင်းများဖြင့်လည်း ပြည့်စုံနေကြပြီဖြစ်ကြောင်း။**

အထူးသဖြင့် မြန်မာနိုင်ငံ၏ တောတောင်၊ လွင်ပြင်၊ မြစ်ချောင်း၊ အင်းအိုင် ပေါများကြွယ်ဝပြီး ရေခြားမြေခြားဖြစ်နေသည့် ရေမြေသဘာဝ ကွာခြားမှုများကို ကိုလိုနီနယ်ချဲ့တို့က တလွဲအမြတ်ထုတ် အသုံးချပြီး တောင်ပေါ်နှင့်မြေပြန့်၊ ပြည်နယ်နှင့်ပြည်မ တမင်ခွဲခြားဖန်တီး သွေးခွဲအုပ်ချုပ်ခဲ့သည့်အတွက် ဖြစ်ပေါ်လာခဲ့ရသော တိုင်းရင်းသားလူမျိုးအချင်းချင်း အနေစိမ်းခဲ့မှု၊ အဆက်အဆံနည်းခဲ့မှုဆိုးမွေများသည် ယခုဆိုလျှင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှု၏ အကျိုးကျေးဇူးကြောင့် တဖြည်းဖြည်း ပပျောက်လာခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများအချင်းချင်း ဆက်သွယ်ဆက်ဆံမှု၊ အပြန်အလှန် အမှီသဟဲပြုမှုတို့ တိုးပွားလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည်လည်း ပိုမိုခိုင်မာလာနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်နေသကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံနှင့်အဝန်း ကျေးလက်နှင့် မြို့ပြစီးပွားရေးဘဝနှင့် လူမှုရေးဘဝကွာဟချက်နည်းပြီး ကျေးလက်ဒေသများမှာ လူမှုစီးပွားရေး အခြေအနေများ တိုးတက်ကောင်းမွန်လာစေရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ခဲ့ရာတွင် ယခုအခါ ကျေးလက်ဒေသများသည် မြို့ပြများနှင့်မခြား ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ပါကြောင်း၊ ထို့အပြင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်ထောင်စုကြီး သန္ဓေတည်ရာ ပင်လုံမြေအပါအဝင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုစီမံကိန်းကိုလည်း ပြည်နယ်နှင့်တိုင်းအားလုံး၌ တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ထိုစီမံကိန်းကြီးများ အကောင်အထည်ဖော် ဖြစ်ထွန်းလာမှုနှင့်အတူ တစ်နိုင်ငံလုံး အချိုးကျကျ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အပြန်အလှန်အားဖြင့် အထောက်အကူပြုလျက်ရှိနေကြောင်း။

ယခုဆိုလျှင် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောစွာနှင့် ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲစေရေး၊ တစ်မျိုးသားလုံး လိုလားတောင့်တအပ်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် ပထမဆုံး အဓိကအကျဆုံးဖြစ်သည့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကြီး အောင်အောင်မြင်မြင် ဆောင်ရွက်နေပြီလည်းဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဥမကွဲသိုက်မပျက် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် တိုင်းရင်းသားပြည်သူအားလုံးအတွက် အသက်တမျှ အရေးကြီးသည်ဆိုသည်ကို စွဲမြဲစွာ ယုံကြည်ခံယူကြပြီး အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းရေးကစ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အကောင်အထည်ပေါ် ပြည့်မြောက်သည်အထိ တိုင်းရင်းသားပြည်သူအားလုံးက မိမိတို့ ကျရာအခန်းကဏ္ဍက အမျိုးသားရေးတာဝန်ကျေပွန်စွာ ပါဝင်ထမ်းရွက်သွားကြပါဟု တိုက်တွန်းမှာကြား လိုကြောင်း။

ယခုကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာတောင့်တင်းနေချိန်၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲညီညီ အားသွန်ခွန်စိုက် အကောင်အထည်ဖော်လျက်ရှိနေချိန်၊ နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံးအတွက် အသက်တမျှအရေးကြီးသည့် အမျိုးသားညီလာခံကြီး အရှိန်အဟုန်ဖြင့် ကျင်းပနေချိန်တွင် အနောက်အုပ်စုနိုင်ငံကြီးအချို့က အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးတစ်စုကို အသုံးချပြီး တိုင်းရင်းသားပြည်သူများအတွင်း စည်းလုံးညီညွတ်မှုပြိုကွဲအောင်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးအောင်၊ အမျိုးသားညီလာခံကြီး ပျက်ပြားအောင် ဟန့်တားနှောင့်ယှက်မှုများ နည်းမျိုးစုံသုံးပြီး ဆောင်ရွက်နေကြသည့်အတွက် ထိုအန္တရာယ်များကို အမျိုးသားရေးသတိဖြင့် ကာကွယ်သွားကြရန်လိုမည် ဖြစ်ကြောင်း။

ယခုကဲ့သို့ ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ် အခမ်းအနားကြီးတွင် တစ်နိုင်ငံလုံးက တိုင်းရင်းသားညီအစ်ကိုမောင်နှမ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နေပြည်တော်၌ ဆုံစည်းကြတုန်း မိမိတို့ကိုယ်စီ၌ရှိနေသည့် မြတ်နိုးဖွယ်ရာ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများကို အချင်းချင်း အပြန်အလှန်ဖလှယ်နိုင်ကြမည်ဖြစ်သည့်အပြင် ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုချင်း ပေါင်းစည်းယှက်နွယ် ဖြစ်ထွန်းနေမှုကိုလည်း ကိုယ်တွေ့မျက်မြင်သိရှိ ခံစားနိုင်ကြမည်ဖြစ်ကြောင်း။

ယင်းသို့သိမြင်ခံစားကြရင်း တိုင်းရင်းသားလူမျိုးများအားလုံး၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများ၊ အမျိုးအနွယ်ကို စောင့်ရှောက်ထိန်းသိမ်းသည့် အလေ့အထကောင်းများ ပွားများဖြန့်ဝေပေးကြပါ၊ မိမိတို့ဒေသ၌ တိုးတက်ဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေကောင်းများကို တစ်ဦးနှင့်တစ်ဦး အသိပေးရင်း အမြင်ချင်းဖလှယ်ပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာနှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့၏ အမျိုးသားရေးဦးတည်ချက်များဖြစ်သည့်–

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးတို့ကို အမျိုးသားရေးတာဝန်အဖြစ် အလေးအနက်ခံယူကြပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးလုပ်ငန်းကြီးများတွင် မိမိတို့ကျရာကဏ္ဍက ကြိုးပမ်းဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ (သတင်းစဉ်)

# ရခိုင်ပြည်နယ် မောင်တောမြို့ရှိ ပရိယတ္တိစာသင်တိုက်နှင့် ပရဟိတကျောင်းများအတွက် ထာဝရငွေပဒေသာပင်နှင့် အဝတ်အထည်များလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရခိုင်ပြည်နယ် မောင်တောမြို့ရှိ ပရိယတ္တိစာသင်တိုက်များ၊ စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံတွင် တက်ရောက်၍ ဆေးဝါးကုသနေကြသော လူနာများနှင့် နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ်အောက်ရှိ တပ်ဖွဲ့ဝင်မိသားစုဝင်များ၏ သား၊ သမီးများအတွက် အဝတ်အထည်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် အမှတ်(၃၀) နဝဒေးလမ်း၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် မောင်တောမြို့ရှိ မြို့မ ပရိယတ္တိစာသင်တိုက်အတွက် ရေမီးထာဝရ ပဒေသာပင် အလှူငွေကျပ် ၂၀၀၀၀၀၊ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်အောက်ရှိ တပ်ဖွဲ့ဝင်မိသားစုများ၏ သား၊သမီးများအတွက် အင်္ကျီအထည် ၅၀၀၊ ကျောင်းစိမ်းလုံချည်အထည် ၄၀၀၊ မောင်တောမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းမှ ပရဟိတကလေးများအတွက် ကျောင်းစိမ်းလုံချည် ၁၂၈ ထည်၊ ကျောင်းစိမ်းစကပ် ၆၂ ထည်၊ ကျောင်းစိမ်းဘောင်းဘီ ၁၄ထည်၊ မောင်တောမြို့ရှိ မြို့မ ပရိယတ္တိစာသင်တိုက်အတွက် သင်္ကန်းသုံးစုံ၊ထန်းလျက်တစ်သေတ္တာနှင့် ငါးခြောက် ၁၅ ပိဿာ၊ စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံတွင် တက်ရောက်၍ ဆေးဝါးကုသနေကြသောလူနာများအတွက် အင်္ကျီအထည် ၇၀ နှင့် ထန်းလျက် တစ်သေတ္တာ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၆၅၈၆၈၀ တို့ကို လူမှုထူးချွန်(ပထမဆင့်) အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ဆယ် (ငွေဆယ်ကုမ္ပဏီ)က ပေးအပ်လှူဒါန်းရာ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ် ခေတ္တကွပ်ကဲရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ခိုင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။(သတင်းစဉ်)



## ပေးအပ်လှူဒါန်း

**မောင်တောမြို့ ပရိယတ္တိစာသင်တိုက်နှင့် ပရဟိတကျောင်းများအတွက် ထာဝရငွေပဒေသာပင်နှင့် အဝတ်အထည်များကို နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ် ခေတ္တကွပ်ကဲရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ခိုင်ထံ အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ဆယ်က ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၀–၂–၂၀၀၇ (စနေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အကပြိုင်ပွဲ
- ၈:၀၀ ၆။ ဒေသဖွံ့ဖြိုးတိုးတက်ဝေစည် ဒုဋ္ဌဝတီ
- ၈:၁၀ ၇။ အတီးပြိုင်ပွဲ
- ၈:၂၀ ၈။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ဂုဏ်ပြု အစီအစဉ်
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ဂုဏ်ပြု အစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၄၀ ၆။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
- ၁၂:၅၀ ၇။ **"ပိုင်နိုင်ခိုင်မြဲအောင်" (ခန့်စည်သူ၊ထွန်းထွန်းဝင်း၊ ထင်ပေါ်၊မျိုးစန္ဒီကျော်၊ ငွေစင်သွန်း၊သူသူဟံသာ) (ဒါရိုက်တာ–သက်တင်)**
- ၁:၂၅ ၈။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ဂုဏ်ပြု အစီအစဉ်
- ၁:၃၅ ၉။ စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
- ၁:၄၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂:၀၀ ၁၁။ အဆိုပြိုင်ပွဲ
- ၂:၁၀ ၁၂။ **"အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ" (စိုးသူ၊ နန်းကလျာလှိုင် (ဒါရိုက်တာ–စောစန္ဒာလှိုင်)**
- ၂:၂၀ ၁၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၂:၃၀ ၁၄။ အတီးပြိုင်ပွဲ
- ၂:၄၅ ၁၅။ International News.
- ၃:၀၀ ၁၆။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ အနှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ဂုဏ်ပြု အစီအစဉ်
- ၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သမိုင်းအထူးပြု) (သမိုင်း)**
- ၅:၁၅ ၆။ ပြည်ထောင်စုနေ့ ဂုဏ်ပြု ဆိုင်းအဖွဲ့ဖျော်ဖြေခန်း (ရွာစားဦးစိန်လှမြိုင်၊ မွန်ပြည်နယ် ကိုကိုနိုင်၊ ရွှေသရဖူမိုးဇော်ဗိုလ်)
- ၅:၃၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၅:၄၅ ၈။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ဂုဏ်ပြု အစီအစဉ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
- ၇:၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ကြွေရင်ခုန်သံ" (အပိုင်း–၁၉)(ဇာတ်သိမ်းပိုင်း)**
- ၇:၄၅ ၁၃။ ပြည်ထောင်စုစိတ်ဓာတ်မပြတ် ရင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ (အသီးတစ်တာ အညှာတစ်ခု ဒို့ပြည်ထောင်စု)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လှပသောနေ့ရက်များ" (အပိုင်း–၂၃)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

## ✻ ကျောဖုံးမှ

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့်အဖွဲ့ဝင်များသည် ပန်တျာအခွန်လွတ်ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ထိုမှတစ်ဆင့် စမ်းချောင်းမြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ဟံသာဝတီ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်း ထီးလှိုင်ရှင်အိမ်ရာအနီးရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် သီရိမင်္ဂလာ မြို့ပတ်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ မရမ်းကုန်းမြို့နယ် စွယ်တော်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း သွားရောက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းအတွင်းရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်းဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သား၊ နွားနို့နှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သား၊ အမဲသား၊ ဆိတ်သား၊ ဝက်သားနှင့် ရေချို၊ ရေငန် ငါးမျိုးစုံ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ၏ စားအုန်းဆီ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည် များအသင်း၏ ဆန်အရောင်းဆိုင်များ၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင်နှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အခွန်လွတ်ဈေးများ၌ ရောင်းချပေးလျက်ရှိသော ဟင်းသီး ဟင်းရွက်၊ အသား၊ ငါးနှင့် ကုန်ပစ္စည်းများကို ပြည်သူလူထုက ယခင်ကထက် ပိုမိုအားထား ဝယ်ယူစားသုံးလာကြသဖြင့် ပြင်ပထက်ဈေးနှုန်းသက်သာစွာ ရောင်းချကြရန်၊ တာဝန်ရှိသူများက အလေး၊ တင်းတောင်း မှန်ကန်စေရေးအတွက် ကြပ်မတ်စစ်ဆေးရန်၊ ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ အသား၊ ငါးများကိုသာ ရောင်းချရန်မှာကြားပြီး ဈေးရောင်းချသူ ဈေးဝယ်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

# မြိုင်ဆရာတော် တရားပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ (ဓမ္မကထိက၊ ဗဟုဇနဟိတရေ)၏တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ ဓမ္မာစရိယနယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၁၃ လမ်း၊ ဓမ္မသဘင်၊ ၁၃ ရက်တွင် အိမ်မဲမြို့ဓမ္မသဘင်၊ ၁၄ ရက်တွင် ပန်းတနော်မြို့ ဓမ္မသဘင်၊ ၁၆ ရက်တွင် လှိုင်မြို့နယ်၊ မာလာမြိုင် ၈ လမ်း၊ ဆည်းဆာနှင့် ရွှေပြည်သာမြို့နယ် မလွန်ဆန်လှူပွဲဓမ္မသဘင်၊ ၁၇ ရက်မှ ၂၄ ရက်ထိ စစ်ကိုင်းတိုင်း ကလေးမြို့ ရွှေကျောင်းတော် သာသနာ့ရိပ်သာဓမ္မသဘင်၊ ၂၇ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ဓမ္မသဘင်၊ ၂၈ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ခေမာသီ(၁)လမ်း ဓမ္မသဘင်၊ မတ် ၂ ရက်တွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့ဓမ္မသဘင်၊ ၅ ရက်တွင် ပဲခူးတိုင်း ပေါင်းတည်မြို့ ဘုရားငါးဆူရွာ ဓမ္မသဘင်၊ မတ် ၇ရက်မှ ၁၄ ရက်အထိ ဧရာဝတီတိုင်း ကြံခင်းမြို့ ရေလည်ကျွန်းရွာ ဓမ္မသဘင်၊ ၁၅ ရက်တွင် မကွေးတိုင်းမြိုင်မြို့ ကျက်မောက်ရွာ ဗုဒ္ဓပူဇနိယပွဲ ဓမ္မသဘင်တို့၌ ညစဉ် ၇ နာရီမှစ၍ တရားတော်များဟောကြားမည်ဖြစ်သည်။

တရားပွဲ ပင့်လျှောက်သူများ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့ ဖုန်း- ၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ(၁၈၁)တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ကြောင်း သိရသည်။ (က-ပ)

## ❁ မြန်မာနိုင်ငံမှ

ကျောင်းသားအုပ်စုဝင် (ယခင် ဗကသအဖွဲ့ဝင်ဟောင်းများဖြစ်သည့်) မင်းဇေယျ၊ ဌေးကြွယ်တို့နှင့် တွေ့ဆုံရန် ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် NLD(LA) အဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုးမောင်မောင်သည် နော်ဝေနိုင်ငံမှ ထိုင်းနိုင်ငံသို့ ရောက်ရှိနေပြီး ABSDF အဖွဲ့၊ VBSW အဖွဲ့တို့နှင့်လည်း တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

သို့ဖြစ်၍ ဖောက်ခွဲဖျက်ဆီးမှုနှင့် ဆူပူအုံကြွမှုများ ဆက်စပ်ဖြစ်ပွားအောင် ပူးပေါင်းလုပ်ဆောင်လာမည့် ပြည်တွင်းနိုင်ငံရေး ဆန့်ကျင်လှုပ်ရှားသူများနှင့် အကြမ်းဖက် အဖျက်အမှောင့်သမားများ၏ လုပ်ရပ်ကို တားဆီးတိုက်ဖျက်ချေမှုန်းနိုင်ရေးအတွက် ဆောင်ရွက်ထားရှိသော လုံခြုံရေးအစီအမံများနှင့်အညီ ပါဝင်ပူးပေါင်းကူညီကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

## ● အကြမ်းဖက်မှ

ရည်ရွယ်လျက် ဆိုးညစ်သည့် မသမာသောလုပ်နည်း လုပ်ဟန်များဖြင့် လုပ်ကြံဖန်တီးလျက်ရှိကြောင်း တွေ့ရှိရသည်။

ယခု ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၈ ရက်ည ၉ နာရီ ၁၀ မိနစ်အချိန်ခန့်တွင် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားတစ်ဦးသည် ပဲခူးတိုင်း ကျောက်တံခါးမြို့ရှိ ဂျာမေဗလီ အုတ်နံရံဝင်းအတွင်း ဝင်ရောက်၍ ချိန်ကိုက်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး သေဆုံးသွားကြောင်း သိရသည်။

သေဆုံးသူ ဖောက်ခွဲဖျက်ဆီးရေးသမားသည် အသက်(၄၀) ဝန်းကျင်ခန့်ရှိပြီး ရင်ဘတ်တွင် "ဟိန်းစိုင်းဆန်"ဟု ဆေးမင်ကြောင်ရေးထားကာ ခါးကြား၌ (၃၈)ဗို့ စပါယ်ရှယ်ခြောက်လုံးပြူး (ကျည်ဆန် ငါးတောင့်ပါဝင်) ထိုးထားကြောင်း တွေ့ရှိရသည်။ ထို့အပြင် ထိုအလောင်းအနီး၌ အသွားခြောက်လက်မရှိ ဓားမြောင်တစ်ချောင်းနှင့် M(40) မိုင်းတစ်လုံးကိုလည်း ရှာဖွေတွေ့ရှိရသည်။

အဆိုပါ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားသည် ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း စက်ဘီးစီးလာပြီး မိုင်တိုင်အမှတ် (၁၁၅/၁) အရောက်၌ စက်ဘီးကို ပလက်ဖောင်းပေါ်တွင်လှဲကာ မိုင်တိုင်ပေါ်မှတစ်ဆင့် ဗလီအုတ်တံတိုင်းကို ကျော်ဝင်၍ အုတ်တံတိုင်းနှင့် တစ်ပေခန့်အကွာ၌ ချိန်ကိုက်မိုင်း ထောင်နေစဉ် ယခုကဲ့သို့ ပေါက်ကွဲမှုဖြစ်ပွားသေဆုံးသွားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ယခုအခါ ပြည်တွင်း ပြည်ပ အဖျက်သမားများသည် မြန်မာနိုင်ငံအပေါ် ဘာသာရေးကို ခုတုံးလုပ်ပြီး နိုင်ငံရေးအမြတ်ထုတ် လုပ်ကြံနိုင်ရန်အတွက် မဟုတ်မမှန်သော အကြောင်းပြချက်များ ထပ်မံဖန်တီးစွပ်စွဲလျက်ရှိရာ ဖော်ပြပါ ကျောက်တံခါးမြို့၌ မိုင်းထောင်ဖောက်ခွဲမှုလုပ်ရပ်သည် ဘာသာတစ်ခုနှင့် တစ်ခုအကြား အထင်အမြင်လွဲမှားမှုများဖြင့် ဆူပူအုံကြွမှုများဖြစ်ပွားအောင် ကြံစည်လုပ်ဆောင် လာခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အများပြည်သူများအနေဖြင့် နိုင်ငံတော်က အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချပြပေးနေသော ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ အကြမ်းဖက် အဖျက်အမှောင့် လှုပ်ရှားမှုသတင်းများကို အထူးသတိပြု၍ လုံခြုံရေးသတိ ထားရှိကြရန်နှင့် အကြမ်းဖက်အဖျက်အမှောင့်သမားများ၏ လှုပ်ရှားမှုကို ဖော်ထုတ်ပြီး တာဝန်ရှိသူများထံ သတင်းပေးပို့ခြင်းဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားသည်။

(သတင်းစဉ်)

# သံဃာ့တက္ကသိုလ် ဓမ္မပူဇာပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ဆရာတော် ဦးဃောသိတ (တစ်ဘဝသာသနာကျမ်းပြု၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ပဓာနနာယက) အန္တိမဈာပနသာခုကီဋ္ဌန ပူဇာသဘင်အကြို ဓမ္မပူဇော်ပွဲအဖြစ် ဖေဖော်ဝါရီ ၁၀ရက်တွင် အရှင်ဇဝန (မေတ္တာရှင်) ရွှေပြည်သာ၊ ၁၁ရက်တွင် ဦးကစ္စာယန (မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နာယက)၊ ၁၂ရက်တွင် အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)တို့က သံဃာ့တက္ကသိုလ်ကျောင်းတိုက်၊ ရေကူးဘူတာရုံလမ်း ကမ္ဘာအေး၌ ညစဉ် ၇နာရီတွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

**ဖေဖော်ဝါရီ ၉ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၁) မြတ်မင်္ဂလာခန်းမ၌ ကျင်းပသည့် မြို့နယ်ကြက်ခြေနီအသင်းနှင့် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ရင်းတို့က ကြီးမှူးကျင်းပသည့် အခြေခံပညာအထက်တန်းကျောင်းများ ရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်း (၁/၂၀၀၆)ဆင်းပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေထံ မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာဥမ္မာမြင့်က ကြက်ခြေနီအသင်းဝင်ပုံစံအစောင် ၁၂၀ ကို ပေးအပ်စဉ်။** (၁၁၄)




# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၂-၂၀၀၇ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ပြုံးသေ မဲ့သေ တရားတော် (ဆရာတော် အရှင်ဇဝန) |
| ၈း၁၀ | သူ၏အနုပညာနှင့်အလှသစ္စာတရား(စန္ဒရားလှထွတ်) |
| ၈း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ | တစ်ပတ်အတွင်းအားကစားသတင်း |
| ၉း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ | သမိုင်းဝင်ထင်ရှားကျိုက္ကစံဘုရား |
| ၉း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ | မွန်ရိုးရာဝတ်စားဆင်ယင်မှု |
| ၉း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၅၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၀း၂၀ | အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာသိကောင်းစရာများ (တီထွင်မှုမူပိုင်ခွင့်နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်)ဆွေးနွေးခန်း |
| ၁၀း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၅ | ကလေးတို့အတွက်လက်ဆောင်(တစ်သျှူးထည့်သည့် အိတ်ကလေး) |
| ၁၁း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ | ရုပ်ရှင်ပုံရိပ်ဟောင်းများရှင်သန်စရာ ရုပ်ရှင်သမိုင်းပြတိုက်မှာ |
| ၁၁း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၄၀ | ပျော်ရွှင်ကစားမြေလှေကား |
| ၁၂း၁၅ | တေးဂီတအစီအစဉ် |
| ၁၂း၂၀ | ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာသုံးစွဲနည်း |
| ၁၂း၃၀ | တေးဂီတအစီအစဉ် |
| ၁၂း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၄၀ | မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် ရတနာဈေး |
| ၁၂း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

## English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၁၀ | ပွဲကြိုသုံးသပ်ချက်-၁ | 5-Sports |
| ၆း၃၀ | ပွဲကြိုသုံးသပ်ချက်-၂ | 5-Sports(Live) |
| ၇း၁၀ | Reading-Aston Villa | 5-Sports(Live) |
| ၉း၂၅ | Newcastle-Liverpool | 5-Sports(Live) |
| | Man Utd-Charlton | 5-Series(Live) |
| | Chelsea-Middlesbrough | 5-Cartoon(Live) |
| ၁၁း၄၀ | Portsmouth-Man City | 5-Series(Live) |
| ၁၂း၀၀ | Chelsea-Middlesbrough | 5-Sports(SDD) |

# မြို့နယ်များ၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့ သရက်တော (၁)ရပ်ကွက် ဆိုင်ရှင်ဦးသန်းထွန်း (တိုက်ခံအိမ်)၌ ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ဘက်ထရီခေါင်း အဖို၊ အမ မှားချိတ်မိရာမှ မီးပွားလွင့်စဉ်ပြီး အနီးရှိ ဓာတ်ဆီပုံးသို့ မီးကူးစက် လောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် တိုက်ခံအိမ်နှစ်လုံး မီးလောင်ခံရပြီး လူနှစ်ဦး ဒဏ်ရာရခဲ့သည်။

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် စက်မှုဇုန်အကွက်(၂၄) ဖန်ချက်ဝန်ဦးရွှေအိုးလမ်း IMRU ရော်ဘာစက်ရုံ စက်ရုံတာဝန်ခံ ဦးမြင့်အောင်၊ ပေါင်းဖိုကြီးကြပ်သူ ဦးဝင်းလှိုင်စိုးတို့၏ RC တစ်ထပ် သုံးလုံးတွဲ အခန်း၌ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ရော်ဘာစိမ်းများ ပေါင်းရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ရန်ကုန်တိုင်း အလုံမြို့နယ် စောရန်ပိုင် အနောက်ရပ်ကွက် စကားစိမ်းလမ်း အမှတ်(၂၂) အိမ်ရှင် ဦးအောင်ခင်၏ အိမ်အပေါ်ထပ်၌ ဖေဖော်ဝါရီ ၆ ရက် ည ၈ နာရီ ၃၅ မိနစ်ခန့်တွင် ဓာတ်ဆီပုံး ယိုစိမ့်နေသဖြင့် ဖယောင်းတိုင် မီးထွန်းကြည့်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

စစ်ကိုင်းတိုင်း မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် ယောမင်းကြီးလမ်းနေ အိမ်ရှင်ဒေါ်မမလေး နေအိမ်၌ ဖေဖော်ဝါရီ ၆ ရက် ည ၁၁ နာရီခွဲ ခန့်တွင် ဆေးလိပ်တို မီးစွန့်ပစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် အိမ်နှစ်လုံး မီးလောင်ခံရသည်။

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက် ပသယ်တိုက်လမ်း အိမ်ရှင် ဦးခိုင်ဇော်ဝင်း၏ နေအိမ်၌ ဖေဖော်ဝါရီ ၈ ရက် နံနက် ၄ နာရီခွဲခန့်တွင် ကြက်သားပေါက်များကို မီးသွေးမီးဖိုဖြင့် အပူပေးရာမှ စတင်၍ လောင်ကျွမ်းခဲ့သည်။ မီးလောင်မှုကြောင့် အိမ်နှစ်လုံး၊ မီတာဘောက်တစ်ခု၊ ကြက်သားပေါက်အကောင် ၂၅၀ မီးလောင်ခံရပြီး ဦးခိုင်ဇော်ဝင်း၏ သားများဖြစ်ကြသည့် မောင်မျိုးမင်းထွန်း (၇)နှစ်နှင့် မောင်အောင်ဖြိုးဇော် (၆)နှစ်တို့မှာ မီးလောင်သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း နည်းပညာဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ "Web Applications SIG Special Interest Group" ခေါင်းစဉ်ဖြင့် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်အဆောင်(၄) အခန်း(၄)တွင် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း အလုပ်အမှုဆောင်များက ဦးဆောင်၍ဆွေးနွေးမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ကြသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဖုန်း- ၆၅၂၂၇၆ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း အစည်းအဝေးရက်ရွှေ့

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက်တွင် သုဝဏ္ဏလမ်းဆုံရှိ MCEA အသင်း ရုံးချုပ်ခန်းမ၌ ကျင်းပမည့် ရက်အစား ဖေဖော်ဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီသို့ ရက်ရွှေ့လိုက်ကြောင်း သတင်းရရှိသည်။

(က-ပ)

# မြန်မာ့အလှ(၃) ပန်းချီပြိုင်ပွဲ ဆုရသူများ စာရင်းထုတ်ပြန်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)နှင့် အိုအေစစ် ပန်းချီပြခန်းတို့ ပူးပေါင်းကျင်းပသည့် မြန်မာ့အလှ(၃) ပန်းချီပြိုင်ပွဲ ဆုရသူများစာရင်းကို ယမန်နေ့က ထုတ်ပြန်ကြေညာရာ ဦးသန်းဝင်းထွန်း တောင်ဒဂုံက ပထမ၊ ဦးမင်းဟိန်းအောင် မြောက်ဒဂုံက ဒုတိယ၊ ဦးတင်ဝင်း တောင်ဒဂုံက တတိယဆုတို့ရရှိပြီး အထူးဆုများကို မခင်ဝေလှိုင် မြောက် ဥက္ကလာပ၊ ဦးကျော်ကျော်သွင် စမ်းချောင်း၊ ဦးသိန်းဆိုင် မြောက်ဥက္ကလာပ၊ ဦးတင်လှလေး တွံ့တေးနှင့် ဦးမြင့်သိန်းကျော် သာကေတတို့က အသီးသီးရရှိကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၁၅ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ဒဂုံမြို့နယ်၊ အလံပြဘုရားလမ်း၊ အမှတ်(၃၃) Park Royal Hotel (Grand Ballroom) ၌ ကျင်းပမည်ဖြစ်ရာ ယခုဆုရသူများအားလုံး နှင့် ယခင် မြန်မာ့အလှပြိုင်ပွဲများတွင် ဆုရရှိသူများအားလုံးလည်း တက်ရောက်နိုင်ရန် ဖိတ်ကြားထားပြီး ဖိတ်စာအချိန်မီမရောက်သော်လည်း တက်ရောက်ကြရန်နှင့် မြန်မာ့အလှ(၃) ဆုရသူများအနေဖြင့် အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်အစည်းအရုံး(ဗဟို) ဖုန်း-၃၈၅၂၅၉ သို့ ဆက်သွယ်သတင်းပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

# ဒဂုံမြို့နယ် အလက ( ၂ ) အာစရိယပူဇော်ပွဲ (၁၀)ကြိမ်မြောက် ကျင်းပရေး ညှိနှိုင်းစည်းဝေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

အလက(၂) ဒဂုံ (ယခင် မင်းမနိုင် အလယ်တန်းကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ပင်စင်ယူခဲ့ကြသည့် ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအား ကျောင်းသားဟောင်းများက (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ ရက် (အလုပ်သမားနေ့)တွင် အလက(၂) ဒဂုံ၌ ကျင်းပရန် စီစဉ်ထားသည်။

**လှူဒါန်းနိုင်**

အာစရိယပူဇော်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသူများနှင့် အလှူငွေထည့်ဝင်လိုသူများသည် ကျောင်းအုပ်ဆရာမကြီး ဖုန်း-၃၇၉၁၇၈၊ ကိုနိုင်ဦး ဖုန်း-၀၉-၅၁-၉၉၉၉၂၊ ၀၉-၂၀၉၉၀၉၀၊ ဒေါ်စန်းစန်းဝေ ဖုန်း-၅၁၉၂၇၄၊ ဒေါ်ခင်စုစုကြည် ဖုန်း-၃၇၄၀၈၅၊ ဒေါ်ခင်အေးမူ ဖုန်း-၃၇၄၁၂၃(ကျောင်းချိန်)၊ ကိုတင်အေး ဖုန်း-၂၄၂၄၇၂နှင့် ကိုကျော်လင်းထက် ဖုန်း-၀၉-၉၉-၂၈၀၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ လာမည့်ဖေဖော်ဝါရီ ၁၈ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အလက(၂) ဒဂုံ၌ အာစရိယ ပူဇော်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းစည်းဝေးကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက် ဆွေးနွေးအကြံပြုကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။ (ကြေးမုံ)

# The LIVE NEWS ဂျာနယ် အမှတ်( ၂၃ ) ဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ်အမှတ်စဉ်(၂၃)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

ပင်လုံမြေက လွတ်လပ်ရေးကျောက်တိုင်နှင့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်၊ GSM ဖုန်းများတွင် မြန်မာစာဖြင့် စာပို့စနစ် (My SM) စတင်အသုံးပြုနိုင်ပြီ၊ ရေကြောင်း အရာရှိလောင်းသင်တန်းများ ဖွင့်လှစ်မည်၊ ချစ်သူများအတွက် ပန်းပွင့်များ၏ အရေအတွက်သင်္ကေတ၊ စတူဒီယိုလောကအတွင်း မူပိုင်ခွင့် အကြောင်းကို ကောင်းစွာသိရှိနားလည်ထားရန်လိုအပ်၊ အာဆီယံခရီးသွားတို့ ကြီးထွားကျယ်ပြန့်လာစေမည့် အာဆီယံခရီးသွားဖိုရမ်၊ ဥရောပ၌ အမေရိကန် ဒုံးခွင်းဒုံးစနစ်ချထားမည့် အစီအစဉ်ကို ရုရှားသမ္မတ ပူတင်က ပြစ်တင်ဝေဖန်၊ နှစ်ပတ်အတွင်း ရဟတ်ယာဉ်လေးစင်းပျက်ကျ၊ အီရတ်ရှိ အမေရိကန် တပ်များ အထိနာ၊ စီအိုင်အေ အေးဂျင့် ၁၃ ဦးကို ဂျာမနီက ပြန်ပေးဆွဲမှုဖြင့် တရားစွဲ၊ အာသံပြည်နယ်တွင် ကွန်ဂရက်ပါတီခေါင်းဆောင်တစ်ဦးလုပ်ကြံခံရ၊ လူဘေးကြောင့် ပူနွေးလာမည့်ကမ္ဘာ၊ နှစ်တစ်ရာကျော်က သရက်ဂေါက်ကွင်းနှင့် ဂျင်နရယ် ပရင်ဒါဂတ်၊ တက္ကစီမင်းနှင့် စိတ္တဇအမူးသမား၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာ ကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း (၀၀၄) လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

## ယနေ့မိုးလေဝသ

**(၁၀-၂-၂၀၀၇)**

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

## အင်တာနက် အားကစားသတင်းများ

# ချစ်ကြည်ရေးခြေစမ်းပွဲများ ကျင်းပ ပြင်သစ်၊ အင်္ဂလန်နှင့် ဘရာဇီးအသင်းတို့ရှုံး

**စူကျိုး (တရုတ်နိုင်ငံ) ဖေဖော်ဝါရီ ၈**

နိုင်ငံတကာ ချစ်ကြည်ရေးခြေစမ်းပွဲများကို ဗုဒ္ဓဟူးနေ့က ကမ္ဘာ့နိုင်ငံများရှိ မြို့ကြီးများတွင် ကျင်းပသည်။

**တရုတ်-ကာဇက်စတန်**

တရုတ်နိုင်ငံအရှေ့ပိုင်း စူကျိုးမြို့တွင်ကျင်းပသည့် ချစ်ကြည်ရေး ခြေစမ်းပွဲတွင် တရုတ်အသင်းက ကာဇက်စတန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ကာဇက်စတန်အသင်းက ပွဲချိန် ၁၆ မိနစ်တွင် ဖွင့်ဆော်ဦး ဂိုးသွင်းနိုင်ခဲ့သော်လည်း နောက်ထပ် ၁၅ မိနစ်အကြာတွင် တရုတ်အသင်းမှ ဟန်ပင်းက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

တရုတ်အသင်း၏ အနိုင်ဂိုးကို ဒုတိယပိုင်းအစတွင် လီဂျင်ယုက သွင်းယူသည်။

**အင်္ဂလန်-စပိန်**

ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်ရှိ အိုးလ်ထရက်ဖို့ဒ်ကွင်းတွင် ကျင်းပသည့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် စပိန်အသင်းက အင်္ဂလန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သွားသည်။ နည်းပြ စတိဗ်မက္ကလာရင်၏ ကွပ်ကဲမှုအောက်ရှိ အင်္ဂလန်အသင်းသည် အိမ်ကွင်းတွင်ကျင်းပသည့် နိုင်ငံတကာ ချစ်ကြည်ရေးခြေစမ်းပွဲတွင် ရှုံးနိမ့်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ပထမပိုင်းနှင့် ဒုတိယပိုင်းတို့တွင် ပွဲအစပိုင်းကစားချိန်များအတွင်း အင်္ဂလန်အသင်းက ဖိကစားခဲ့သော်လည်း ဧည့်သည်အသင်းသားများက ပွဲကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ပထမပိုင်းအတွင်း ဖာနန်ဒိုမိုရီယန်တေးက ဂိုးသွင်းရန်ကြိုးပမ်းသော်လည်း ဘားတန်းကိုကျော်ကာ ဘောလုံးချော်ထွက်သွားခဲ့သည်။ ပွဲကစားချိန် တစ်နာရီပြည့်လုခါနီးတွင် ဒေးဗစ်ဗီလာ၏ဂိုးသွင်းမှုကို အင်္ဂလန်အသင်း၏ ပွဲဦးထွက်ဂိုးသမား ဘန်ဖော်စတာက ကာကွယ်နိုင်ခဲ့သည်။

မကြာမီမှာပင် အစားထိုးဝင်ရောက်လာသူ အင်ဒရေအင်နီယေစတာက စပိန်အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။

**တောင်ကိုရီးယား-ဂရိ**

လန်ဒန်တွင် အင်္ဂါနေ့က ကျင်းပသော ချစ်ကြည်ရေးခြေစမ်းပွဲတွင် တောင်ကိုရီးယားအသင်းက ဂရိအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ပွဲချိန် ၇၈မိနစ်တွင် တောင်ကိုရီးယားတိုက်စစ်မှူး လီချွန်စူးက ဖရီးကစ်မှ တစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့သည်။

တောင်ကိုရီးယား လက်ရွေးစင်အသင်းသည် ၂၀၀၄ ခုနှစ် ဥရောပဘောလုံးချန်ပီယံ ဂရိအသင်းကို အနိုင်ရရှိခြင်းဖြင့် ယခုနှစ်တွင် ခိုင်မာတောင့်တင်းသော အသင်းတစ်သင်းအဖြစ် ရပ်တည်နိုင်ရန် မျှော်လင့်ချက်များ တိုးပွားစေခဲ့သည်။

**အခြားပွဲ ရလဒ်များ**

| | | |
|---|---|---|
| အာဂျင်တီးနား | (၁-၀) | ပြင်သစ် |
| နယ်သာလန် | (၄-၁) | ရုရှား |
| ပေါ်တူဂီ | (၂-၀) | ဘရာဇီး |
| ဂျာမနီ | (၃-၁) | ဆွစ်ဇာလန် |
| အီဂျစ် | (၂-၀) | ဆွီဒင် |
| ဂါနာ | (၄-၁) | နိုင်ဂျီးရီးယား |
| ဒိန်းမတ် | (၃-၁) | ဩစတြေးလျ |
| မာလီ | (၃-၁) | လစ်သူယေးနီးယား |
| ဥရုဂွေး | (၃-၁) | ကိုလံဘီယာ |
| ချီလီ | (၁-၀) | ဗင်နီဇွဲလား |

**အင်တာနက်**



**ရီးယဲလ်မဒရစ်အသင်းမှ အနားယူနေရသူ ဘောလုံးသမား ဒေးဗစ်ဘက်ဟမ်း။** *(ဓာတ်ပုံ-အင်တာနက်)*



**ဖေဖော်ဝါရီ ၇ ရက်က ကိုလံဘီယာနိုင်ငံ ကူကူတာမြို့တွင် ကျင်းပသည့် ချစ်ကြည်ရေး ခြေစမ်းပွဲတွင် ဥရုဂွေးအသင်းမှ ဂျော့ဂျ် မူဆယ်လ် (ဝဲ) နှင့် ကိုလံဘီယာအသင်းမှ မယ်ကာအို ဂါစီယာတို့ ဘောလုံးရရှိရေး ယှဉ်ပြိုင်ကြစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ကမ္ဘာ့အကြွယ်ဝဆုံး ဘောလုံးအသင်း ရီးယဲလ်မဒရစ်အသင်း ရပ်တည်

**လန်ဒန် ဖေဖော်ဝါရီ ၈**

စပိန်နိုင်ငံမှ ရီးယဲလ်မဒရစ်အသင်းသည် ကမ္ဘာပေါ်တွင် အကြွယ်ဝဆုံး ဘောလုံးအသင်းအဖြစ် ရပ်တည်နေကြောင်း၊ ယင်းအသင်း၏ အဓိကပြိုင်ဘက် ဘာစီလိုနာအသင်းမှာမူ ဒုတိယအကြွယ်ဝဆုံး ဘောလုံးအသင်းဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရီးယဲလ်မဒရစ်အသင်းသည် ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီတွင် ဝင်ငွေပေါင် ၂၀၂ သန်း (ယူရို ၃၀၆ သန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၃၉၇ သန်း)ရရှိခဲ့ကြောင်း ဒဲလွိုက် အားကစားဆိုင်ရာ စီးပွားရေးလုပ်ငန်းအုပ်စုက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြသည်။

လွန်ခဲ့သည့်နှစ်က ပရီမီယာလီဂ်နှင့် ဥရောပချန်ပီယံအသင်းဖြစ်သော ဘာစီလိုနာအသင်းမှာမူ ဝင်ငွေပေါင် ၁၇၉ ဒသမ ၁ သန်း ဝင်ငွေရရှိကာ ဒုတိယနေရာမှ ရပ်တည်လျက်ရှိကြောင်း အဆိုပါအစီရင်ခံစာတွင်ဖော်ပြသည်။

အီတလီနိုင်ငံမှ ဂျူဗင်တပ်စ်အသင်းက ဝင်ငွေ ပေါင် ၁၇၃ ဒသမ ၇ သန်းဖြင့် တတိယနေရာတွင်ရှိနေပြီး မန်ချက်စတာယူနိုက်တက်အသင်းမှာမူ ပေါင် ၁၆၇ ဒသမ ၈ သန်းဖြင့် စတုတ္ထနေရာတွင် ရှိသည်။

**အင်တာနက်**

# စင်ကာပူဘောလုံး အဆင့်အတန်းမြှင့်တင်ရေး ဘရာဇီးကလပ်အသင်းများနှင့် သဘောတူညီ

**စင်ကာပူ ဖေဖော်ဝါရီ ၉**

စင်ကာပူနိုင်ငံတွင် ဘောလုံးအားကစား အဆင့်အတန်းမြှင့်တင်နိုင်ရေး အတွက် ဘရာဇီးနိုင်ငံရှိ ထိပ်တန်းအသင်းများသည် စင်ကာပူအားကစား ကောင်စီနှင့် စင်ကာပူဘောလုံးအဖွဲ့ချုပ်တို့နှင့် သဘောတူညီချက် လက်မှတ်ရေးထိုးလိုက်ကြောင်း ယနေ့ အင်တာနက်သတင်းတွင်ဖော်ပြသည်။

ဘရာဇီးဘောလုံးသမားများ စင်ကာပူတွင် လာရောက်ကစားနိုင်ရေး အတွက်လည်းကောင်း၊ စင်ကာပူဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း ဆောင်ရွက်သွားရန် မိမိတို့ သဘောတူညီခဲ့ကြောင်း ဘရာဇီး ထိပ်တန်းဘောလုံးအသင်းများအုပ်စုက ပြောကြားသည်။ အဆိုပါအုပ်စုတွင် ဂရီမီယို၊ ဆော်ပေါ်လို၊ ဆန်တို့စ်၊ ဖလာမင်ဂို စသည့် ထိပ်တန်းကလပ် အသင်းများပါဝင်သည်။

ကမ္ဘာ့အဆင့်မီ စင်ကာပူဘောလုံးသမားများ မွေးထုတ်နိုင်ရေးနှင့် နိုင်ငံတကာ ဘောလုံးနယ်ပယ်တွင် စင်ကာပူနိုင်ငံ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရေး အတွက် ဘောလုံးနည်းပညာ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဘရာဇီး ထိပ်တန်း ဘောလုံးအသင်းများအုပ်စု၏ဥက္ကဋ္ဌ ဒေါက်တာဖာဘီယို အင်ဒရေ ကော့ဖ်က သတင်းထောက်များအား ပြောကြားသည်။

**အင်တာနက်**

# ဒေးဗစ်ဘက်ဟမ်းအား ရီးယဲလ်မဒရစ်ခေါ်ယူ

**မဒရစ် ဖေဖော်ဝါရီ ၉**

ယခုရက်သတ္တပတ်ကုန်တွင် ရီးယဲဆိုဆီဒက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲတွင် ပါဝင်ကစားရန် ဒေးဗစ်ဘက်ဟမ်းအား ပြန်လည်ခေါ်ယူထားကြောင်း ရီးယဲလ်မဒရစ်အသင်းက ယနေ့ထုတ်ပြန်ကြေညာသည်။

အသက် (၃၁)နှစ်အရွယ်ရှိ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ဟမ်းသည် လာမည့်ဘောလုံးရာသီတွင် အမေရိကန်နိုင်ငံရှိ လော့စ်အိန်ဂျလိစ် ဂယ်လက်ဇီအသင်း၌ ပါဝင်ကစားခွင့်ရရှိရန် ရီးယဲလ်မဒရစ်အသင်း၏ နည်းပြ ဖာဘီယိုကာပယ်လိုက သဘောတူညီခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ရီးယဲလ်မဒရစ်အသင်းတွင် ဒေးဗစ်ဘက်ဟမ်း၏ သက်တမ်းမကုန်ဆုံးသေးသဖြင့် ၎င်းအား ပြန်လည်ခေါ်ယူခြင်းဖြစ်သည်။

**အင်တာနက်**

# ဆံတော်ရှင် မြတ်မော်တင်စွန်းဘုရားပွဲတော် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေယာဉ်ကြီးများပြေးဆွဲမည်

သတင်း–ဌေးအောင်(ကြေးမုံ)

ရန်ကုန် ဖေဖော်ဝါရီ ၉

**နှစ်စဉ်ကျင်းပမြဲဖြစ်သော ဧရာဝတီတိုင်း ငပုတော မြို့နယ်ရှိ ဆံတော်ရှင် မြတ်မော်တင်စွန်း ဘုရားပွဲတော်ကို ယခုနှစ် တပေါင်းလဆန်း၁ရက်နေ့မှ တပေါင်းလပြည့်နေ့ အထိ (ဖေဖော်ဝါရီ ၁၆ရက်မှ မတ်၂ရက်အထိ) ၁၅ရက် တိုင်တိုင် ကျင်းပမည်ဖြစ်သည်။**

ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီသည် သက္ကရာဇ် ၁၀၃ခုနှစ် ဝါဆိုလပြည့်နေ့တွင် မြသားစေတီတော်အတွင်း တဖုဿနှင့်ဘလ္လိကကုန်သည်ညီနောင်တို့ ဂေါတမဗုဒ္ဓမြတ်စွာဘုရားထံမှ ဦးဆုံးခံယူတော်မူအပ်သော ဆံတော်ရှစ်ဆူ အနက်မှ ဆံတော်နှစ်ဆူကို ဇေယျသေန နဂါးမင်းက ဌာပနာပြု၍ တည်ထားကိုးကွယ်သော စေတီဖြစ်သည်။ မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်၏ ဘုရားပွဲတော်ရက်အတွင်း မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူး ပြည်သူများ လာရောက်ဖူးမြော်ကြသောကြောင့် ဘုရားဖူးလာ ပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာမှုအဆင်ပြေချောမွေ့ စေရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေ ကြောင်း ပို့ဆောင်ရေးဦးစီးဌာန မြစ်ဝကျွန်းပေါ်ဌာနခွဲက ရန်ကုန်မှ ခမောက်မော်အထိ အသွားအပြန်ရေလမ်းခရီးစဉ် များကို တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။

**ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဦးစီးဌာန မြစ်ဝကျွန်းပေါ်ဌာနခွဲမှ မြတ်မော်တင်စွန်းဘုရားပွဲတော်သို့ ပို့ဆောင်ပေးမည့် ရေယာဉ်တစ်စင်းကို တွေ့ရစဉ်။**





ဧရာဝတီတိုင်း ငပုတောမြို့နယ်ရှိ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်အား ဤသို့ သပ္ပာယ်စွာဖူးတွေ့ရသည်။

ယခုနှစ် ဘုရားပွဲတော်ကာလအတွင်းတွင် ရန်ကုန်– မြောင်းမြရေလမ်း၌ ရေယာဉ်ကြီးများဖြစ်သည့် ဗလအမျိုး အစားရေယာဉ်ငါးစင်းဖြစ်သော ဗလရာဇာ၊ ဗလကျော်သူ၊ ဗလကျော်စွာ၊ ဗလရဲကျော်၊ ဗလကျော်ခေါင်နှင့် အရန်အဖြစ် ဗလမင်းထင်ရေယာဉ်တို့ ခုတ်မောင်းပြေးဆွဲပေးသွားမည် ဖြစ်သည်။ တစ်ဖန်ပုသိမ်မြို့တွင်အခြေပြု၍ ပုသိမ်– ခမောက်မော် ရေလမ်းအတွက် ဗညားဒလရေယာဉ်ပြေးဆွဲ ပေးသွားမည်ဖြစ်သည်။

**ပို့ဆောင်ပေးမည့်အစီအစဉ်**

မြတ်မော်တင်စွန်းဘုရားပွဲတော်သို့ သွားရောက်မည့် ဘုရားဖူးပြည်သူများအား ပို့ဆောင်ပေးမည့် အစီအစဉ် များအနေဖြင့် ဘီအမျိုးအစားရေယာဉ်သစ်ကြီးများဖြင့် ဖေဖော်ဝါရီ ၁၅ရက်မှ မတ်၂ရက်နေ့အထိ ပြေးဆွဲပေးသွား မည်ဖြစ်ရာ ရန်ကုန် လမ်းသစ်ဆိပ်ကမ်းမှ ညနေ၃နာရီတွင် ထွက်ခွာ၍ ခမောက်မော်သို့ နောက်တစ်နေ့ညနေ၅နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

အပြန်ခရီးတွင် ခမောက်မော်မှ နံနက်၈နာရီတွင် ရန်ကုန်သို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ ခရီးစရိတ်များ အနေဖြင့် ရန်ကုန်မှခမောက်မော်အထိ ရိုးရိုးတန်း တစ်ဦး လျှင် ကျပ်၂၅၀၀ဖြစ်၍ အထက်တန်းခရီးသည် တစ်ဦး လျှင် ကျပ် ၈၀၀၀ ဖြစ်သည်။ ရေယာဉ်လက်မှတ်များကို ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ဆိပ်ကမ်း လက်မှတ်ရုံတွင် တစ်ရက်ကြိုတင်၍ နံနက် ၈နာရီမှ ၁၁နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ပြီး နေ့ချင်းရောင်း လက်မှတ်များကို နံနက် ၁၁နာရီမှ ညနေ ၃နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။ အသေးစိတ် သိရှိလိုပါက ဖုန်း–၀၁–၂၂၂၄၇၂၊ ၂၂၂၄၇၅ နှင့် ၂၂၂၄၆၉ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကြေးမုံ The Mirror

## ပြည်သူ့ထံမှပေးစာ

## လမ်းကြားသန့်ရှင်းရေး ဆောင်ရွက်ပေးပါ

**စာတည်းရှင့်–**

ပုဇွန်တောင်မြို့နယ် အမှတ်(၇) ရပ်ကွက် ရေကျော်လမ်းမကြီး အမှတ် ၆၄၊၆၆၊၆၈ တိုက်ခန်းများ၏ နောက်ဖေးလမ်းကြားတွင် အမှိုက် များ စုပုံနေပြီး မိလ္လာပိုက် အပေါက်များမှလည်း လျှံထွက်နေပါသည်။ ထို့ အပြင် အပေါ်ထပ်အခန်းများမှ အမှိုက် များကို စည်းကမ်းမဲ့ စွန့်ပစ်နေကြ၍ အမှိုက်များစုပုံနေပြီး ရေစီးရေလာ မကောင်းပါ။

သို့ဖြစ်ပါ၍ တိုက်ခန်းများ၏ နောက်ဖေးလမ်းကြား သန့်ရှင်းရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ် ပါသည်။

**ရေကျော်သူများ**

## ဈေးစနစ်တကျရောင်းချရေး ကြပ်မတ်ပေးသင့်

**စာတည်းရှင့်–**

ပဲခူးတိုင်း ညောင်လေးပင်မြို့ ဈေး အနောက်လမ်းတစ်လျှောက်တွင် ဈေး သည်များ ရောင်းချလျက်ရှိရာ လမ်းမ အလယ်၌ အမှိုက်များ ပြန့်ကျဲနေပြီး လမ်းသွားလမ်းလာများ၊ ဆိုက်ကား၊ ဆိုင်ကယ်များ ကောင်းစွာသွားလာ၍ မရပါ။ ဈေးသစ်နေရာရှိသော်လည်း နေရာချထားခြင်းမရှိသဖြင့် လမ်းပေါ် တွင်သာ ရောင်းဝယ်နေကြခြင်းဖြစ်ပါ သည်။

သို့ဖြစ်ပါ၍ အဆိုပါ ကျူးကျော် ဈေးရောင်းချနေခြင်းများအား ကြပ်မတ် ပေးပါရန် တင်ပြအပ်ပါသည်။

**ညောင်လေးပင်သူ**

## ကြိုးတံတားဈေး ရေအိမ်ပြုပြင်ပေးစေလို

**စာတည်းရှင့်–**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက် ပိုင်း)မြို့နယ် (၅၁)ရပ်ကွက် ရာဇ သင်္ကြန်လမ်း ကြိုးတံတားဈေးရှိ အများ သုံး အိမ်သာမှာ ပျက်စီးယိုယွင်းနေရာ အသုံးပြု၍မရပါ။ ထို့အပြင် မိလ္လာကန်၌ အဖုံး၊ အကာမရှိသဖြင့် အနံ့ဆိုးများ ထွက်လျက်ရှိရာ ဈေးသူ၊ ဈေးသား များ စိတ်အနှောင့်အယှက် ဖြစ်နေကြရ ပါသည်။

သို့ဖြစ်ပါ၍ ဈေးအိမ်သာ သန့်ရှင်း ရေး ပြုပြင်ပေးပါရန် တင်ပြအပ်ပါ သည်။

**ဈေးသူ၊ ဈေးသားများ**

## မီးစက်သံနှင့်ညှော်နံ့ ပတ်ဝန်းကျင်မခံနိုင်

**စာတည်းခင်ဗျား–**

ရန်ကုန်မြို့ အမှတ်(၈)ရပ်ကွက် ကျောက်တံတားမြို့နယ် (၃၉)လမ်း (အလယ်) Central Tower တွင် အသုံးပြုနေသော မီးစက်ကြီးမှ ကျယ် လောင်သောအသံနှင့် မီးခိုးညှော်နံ့များ ထွက်နေပါသဖြင့် စိစစ်ဆောင်ရွက် ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသား၊ လမ်းသူများ**

## ရေမြောင်းပေါက်ကြီး ပိတ်ပေးစေချင်

**စာတည်းခင်ဗျား–**

ပုသိမ်မြို့ တက်ဆိပ်လမ်းထိပ် တက်ဆိပ်ခုံး တံတားအနီးရှိ ရေ မြောင်းတစ်ခုမှာ အကာအကွယ် မရှိသဖြင့် ယာဉ်နှင့်လူအချို့ အရှိန်လွန် ပြုတ်ကျမှုများ ရှိနေပါသည်။ သို့ဖြစ် ပါ၍ ခရီးသွားများ အန္တရာယ် မဖြစ် စေရေးအတွက် အဆိုပါမြောင်းကြီး အား လိုအပ်သလို ကာရန်တားဆီးပေး ပါရန် တင်ပြအပ်ပါသည်။

**အန္တရာယ်မဖြစ်စေလိုသူ**

## တူထုသံကြောင့် အိပ်စက်မရ

**စာတည်းခင်ဗျား–**

တာမွေမြို့နယ် တာမွေကြီး (ခ) ရပ်ကွက် ၁၆၆လမ်းရှိ ၆–လွှာတိုက်ခန်း တစ်ခန်းတွင် ပန်းထိမ်ခုံ ၁၀ လုံးဖြင့် နေ့ရောညပါ လုပ်ကိုင်လျက်ရှိရာ ထုရိုက်သံများကြောင့် အောက်ထပ်နေ သူများ ကောင်းစွာအိပ်စက်၍ မရပါ။ ထို့ပြင် ညသန်းခေါင်ကျော်အထိ လုပ်ကိုင်ခြင်း၊ သွားလာဝင်ထွက်ခြင်း၊ ဖားဖိုနှင့်ဓာတ်ဆီ အသုံးပြုလုပ်ကိုင်ခြင်း တို့ကြောင့် မီးဘေးစိုးရိမ်ရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါပန်းထိမ်လုပ်ငန်း အား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြ အပ်ပါသည်။

**အိပ်မရသူ**

## မင်္ဂလာဈေးမှမိလ္လာအနံ့ ပတ်ဝန်းကျင်ပျံ့နှံ့

**စာတည်းခင်ဗျား–**

မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာ ဈေးအပေါ်ထပ်အိမ်သာမှ ရေဆိုးနှင့် မိလ္လာပိုက်များပေါက်နေသဖြင့် လူ အများသွားလာရာ၊ မော်တော်ကား ရပ်နားရာနှင့် ဓာတ်လှေကားအတက်၊ အဆင်း မြေအောက်ခန်းတို့၌ပါ အညစ် အကြေးများအိုင်ထွန်းနေပြီး အနံ့အသက် ဆိုးများထွက်ပေါ်နေသည်မှာ ကြာပါပြီ။ သို့ဖြစ်ပါ၍ အဆိုပါဈေးအိမ်သာအား ပြင်ဆင်ပေးပါရန် တင်ပြအပ်ပါသည်။

**မင်္ဂလာဈေးသူ၊ ဈေးသားများ**

## လျှပ်စစ်မီတာ တပ်ဆင်ပေးစေလို

**စာတည်းခင်ဗျား–**

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ဈ/၃၄ အမှတ် (၁၀)ရပ်ကွက်တွင် လျှပ်စစ်မီတာမရှိသေးသော အိမ်ထောင်စုများစွာ ရှိနေပါသည်။ သို့ဖြစ်ပါ၍ အဆိုပါရပ်ကွက်တွင် လျှပ်စစ်မီတာ တပ်ဆင်ပေးနိုင်ရေး စိစစ်ဆောင်ရွက် ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားများ**

## မိလ္လာရေများစွန့်ထုတ်နေမှု ဆောင်ရွက်ပြီးစီး

၈–၇–၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပဲခူးမြို့မှ မိလ္လာရေများစွန့်ထုတ်နေမှု တား ဆီးပေးပါ ပေးစာနှင့် စပ်လျဉ်း၍ ရေပုပ်စုပ်ယာဉ်ဖြင့် သိမ်းဆည်း ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြ အပ်ပါသည်။ **မြို့နယ်စည်ပင်**

## အနံ့ဆိုးများကင်းစေရေး ဆောင်ရွက်ပေးပြီး

၂၂–၇–၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မော်လမြိုင်မြို့ ဈေးကြိုဒေါင်းဇရပ် မော်လမြိုင် ကျိုက္ခမီလမ်းမပေါ်ရှိ မွေးမြူရေး ကြက်စာလုပ်ငန်းမှ အနံ့ဆိုးများ ကင်းရှင်းစေချင်ပေးစာနှင့်စပ်လျဉ်း၍ အနံ့အသက်ဆိုးများနှင့် ယင်ကောင် များမရှိစေရေး ဆောင်ရွက်ပြီးဖြစ် ကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်**

## ရေမြောင်းသန့်ရှင်းရေး ဆောင်ရွက်ပြီးစီး

၇–၁–၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ရမည်းသင်း မြို့ နာရီစင်အနောက်ဘက် ရေ မြောင်းသန့်ရှင်းရေး ဆောင်ရွက် ပေးသင့် ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြ အပ်ပါသည်။ **မြို့နယ်စည်ပင်**

## အများသုံးရေကန်အနီးမှ အမှိုက်ပုံပြောင်းရွှေ့ပေးသင့်

**စာတည်းခင်ဗျား–**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဇ–ရပ်ကွက် ဣန္ဒာလမ်း(၁လမ်း နှင့် ၂လမ်းကြား)ရှိ အမှိုက်ကန်သည် အများသုံးသောသောက်သုံး ရေကန်နှင့် ကပ်လျက်ရှိပါသည်။ အဆိုပါ အမှိုက်ကန်တွင် အမှိုက်များပြည့်လျှံနေပါသဖြင့် **(အောက်ပုံ)** ယင်းအမှိုက်ပုံအား သင့်တော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**ဣန္ဒာလမ်းသား**



## ပြည်သူ့ထံမှ ပေးစာပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့် အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံ သတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလ လမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။**

# ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၉

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ပန်တျာလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✻



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် အကြောင်းပြချက်များ ထပ်မံပုံဖော်စွပ်စွဲနိုင်ရန်အတွက် ပြည်တွင်း ပြည်ပ အဖျက်သမားများ ချိန်ကိုက်ဆက်စပ်ပူးပေါင်းပြီး အကြမ်းဖက် အဖျက်အမှောင့်နှင့် နိုင်ငံရေးဆန့်ကျင်လှုပ်ရှားမှုများပြုလုပ်ရန် ကြံစည်ကြိုးပမ်းနေ

### သတင်းဆက်များ ထပ်မံရရှိသဖြင့် လုံခြုံရေးသတိ ထားရှိဆောင်ရွက်သွားကြရန်တိုက်တွန်း

နေပြည်တော် ဖေဖော်ဝါရီ ၉

**ပြည်တွင်း ပြည်ပ အဖျက်သမားများသည် မြန်မာနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်ရေး ၎င်းတို့၏ ပူးပေါင်းလုပ်ကြံမှု မအောင်မြင်သဖြင့် မြန်မာနိုင်ငံနှင့် စပ်လျဉ်းသည့် အကြောင်းပြချက်များ ထပ်မံပုံဖော်စွပ်စွဲနိုင်ရန်အတွက် အကြမ်းဖက် အဖျက်အမှောင့်လုပ်ငန်းနှင့် ပြည်တွင်းနိုင်ငံရေးဆန့်ကျင်လှုပ်ရှားမှုများကို ချိန်ကိုက်ဆက်စပ်လုပ်ဆောင်နေကြောင်း သတင်းဆက်များရရှိသဖြင့် ပြန်ကြားအသိပေးလျက်ရှိသည်။**

ယခု ဖေဖော်ဝါရီလ ပထမပတ်အတွင်း ထပ်မံရရှိသောသတင်းအရ ABSDF ဥက္ကဋ္ဌ သံခဲ၊ အတွင်းရေးမှူး ကျော်ကို၊ စွမ်းအားမြင့်မြန်မာကျောင်းသားစစ်သည်များအဖွဲ့ (VBSW)မှ သန့်ဇင်ဦး၊ ဗကပဖိုးသံချောင်း(ခေါ်)ထက်အောင်တို့ ပူးပေါင်း၍ အဖျက်အမှောင့် အမာခံ ကိုးဦးအား စည်းရုံးသိမ်းသွင်းပြီး ပြည်တွင်းသို့ စေလွှတ်ခဲ့ကြောင်း၊ ၎င်းအဖွဲ့တွင် ABSDF မှ ကျော်မင်းဆိုသူလည်း ပါဝင်ပြီး ဇန်နဝါရီလကုန်ရက်ပိုင်းတွင် ပြည်တွင်းသို့ ဝင်ရောက်ခဲ့ကြကြောင်းသိရသည်။

ABSDF ကျော်မင်းက ၈၈ မျိုးဆက်သစ်ကျောင်းသားအုပ်စုနှင့်လည်းကောင်း၊ NLD ပါတီမှ ရွေးချယ်ခံကိုယ်စားလှယ် နှစ်ဦးနှင့်လည်းကောင်း တွေ့ဆုံဆက်သွယ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှစ်ဦးက ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ လူစည်ကားရာ နေရာများတွင် လှုံ့ဆော်စာများ ဖြန့်ဝေ၍ အဖျက်အမှောင့်လုပ်ငန်းများ ဆက်စပ်လုပ်ဆောင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အပြင် ၂၀၀၆ ခုနှစ် စက်တင်ဘာလ၌ ပြည်ပသို့ ထွက်ခွာခဲ့သော (ယခင် ၁၉၈၈-၉၀ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ-ဗကသ တွဲဖက်အတွင်းရေးမှူးဟောင်း) စိုးမောင်မောင်သည် ၈၈ မျိုးဆက် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❁

## အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားတစ်ဦး ကျောက်တံခါးမြို့ ဗလီဝင်းအတွင်း ဝင်ရောက်၍ ချိန်ကိုက်မိုင်းထောင်စဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး သေဆုံး

### မြန်မာနိုင်ငံအပေါ် ဘာသာရေးခုတုံးလုပ်ပြီး နိုင်ငံရေးအမြတ်ထုတ် လုပ်ကြံမှုနှင့်ချိန်ကိုက်၍ ဘာသာအချင်းချင်းကြား သံသယပွားပြီး ချစ်ကြည်ရင်းနှီးမှုပျက်ပြားစေရန်နှင့် ထင်ယောင်ထင်မှားဖြစ်စေရန် ဆိုးညစ်သောကြံရွယ်ချက်ဖြင့် လုပ်ကြံဖန်တီးခြင်းဖြစ်

### အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချပြပေးသော ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ အကြမ်းဖက်အဖျက်အမှောင့်လှုပ်ရှားမှုသတင်းများကို အထူးသတိပြု၍ ဖော်ထုတ်ချေမှုန်းသွားရန်နှိုးဆော်

နေပြည်တော် ဖေဖော်ဝါရီ ၉

**ပြည်တွင်း နိုင်ငံရေးဆန့်ကျင်လှုပ်ရှားမှုနှင့် အကြမ်းဖက် အဖျက်အမှောင့်လုပ်ငန်းများကို ချိန်ကိုက်ဆက်စပ် လုပ်ဆောင်လျက်ရှိသော ပြည်တွင်း ပြည်ပ အဖျက်သမားများသည် ၂၀၀၇ခုနှစ် ဇန်နဝါရီ ပထမပတ်အတွင်း စာအိတ်ဗုံး ပေးပို့ဖောက်ခွဲမှုနှင့် မိုင်းထောင်ဖောက်ခွဲမှုများ ပြုလုပ်ခဲ့သည်။**

ထို့အပြင် ပြည်တွင်းသို့ အကြမ်းဖက် အဖျက်အမှောင့်သမားများ စေလွှတ်သည့်သတင်းနှင့် ပြည်တွင်းနိုင်ငံရေးဆန့်ကျင်လှုပ်ရှားမှု သတင်းများရရှိသဖြင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်အသိပေးလျက်ရှိသည်။

ယင်းသို့ ပြည်တွင်း နိုင်ငံရေးဆန့်ကျင်လှုပ်ရှားမှုနှင့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများ ချိန်ကိုက်ဆက်စပ်လုပ်ဆောင်ရာတွင် ပြည်တွင်းပြည်ပအဖျက်သမားများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ ဘာသာတစ်ခုနှင့်တစ်ခု၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးနှင့် တစ်ဦးအကြား သံသယပွားပြီး ချစ်ကြည်ရင်းနှီးမှုပျက်ပြားစေရန် ဘာသာတစ်ခုနှင့်တစ်ခုကြား ပဋိပက္ခများဖြစ်ပွားစေရန်နှင့် အများ ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် **စာမျက်နှာ ၁၀ ကော်လံ ၄ သို့** ●

## ကြေးမုံ The Mirror နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို



☆ **"ပြည်တွင်းမှာ တိုင်းရင်းသား ညီအစ်ကိုတွေ ပေါင်းစည်းထားတဲ့ ပြည်တွင်းအားသာလျှင် တကယ့်အင်အားအစစ်ပါ၊ တစ်ချိန်က ပြည်တွင်းအားတွေကို မစုစည်းနိုင်ခဲ့လို့ မညီမညွတ်တွေဖြစ်ခဲ့ရတယ်။ အခုတော့လဲ ငြိမ်းချမ်းရေးတွေ ရနေကြပါပြီ။ ငြိမ်းချမ်းသောနယ်မြေတွေ ဖြစ်နေပါပြီ။ တိုးတက်ဖွံ့ဖြိုးမှုဆီသို့ ဦးတည်နေကြပြီ"**


တက္ကသိုလ်လှမောင်၏ **"မမေ့နိုင်သော စည်းလုံးညီညွတ်မှု ပုံရိပ်များ"** (ဆောင်းပါး) စာမျက်နှာ- ၆၊ ၇

☆ ရေနံ့သာမောင်ကျော်ညွန့်၏ **"ပြည်ထောင်စုပန်း မွေးလန်းဖြာဝေ"** (တျာချင်း) စာမျက်နှာ- ၇

☆ မင်းဦး-ဒသနှ၏ **"ပြည်ထောင်စုကြီး ထာဝစဉ်အခွန့်ရှည် တည်တံ့ခိုင်မြဲရေး"** (ကာတွန်း) စာမျက်နှာ- ၃